မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

❀ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

❀ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျိုင်းတုံတပ်နယ်ခြံစည်းရိုးကြက်ဆူပင် ရှင်သန်ဖြစ်ထွန်းမှု တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် စစ်ဆေး ပင်းဘောက်ရေလှောင်တမံ တည်ဆောက်မည့်နေရာကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် တပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့်အတူ ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် မိုင်းလပ်ကုန်းမြင့်လယ်ယာ ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူဧက ၄၀ စံပြစိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းလပ်ကုန်းမြင့်လယ်ယာ ခြံစည်းရိုးကြက်ဆူ စံပြပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းပျိုးပင် ၆၀၀၀၀ ပြုစုပျိုးထောင် စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဝါးပါးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဝါးပါးရေလှောင်တမံ စစ်ဆေး ဒေသဖွံ့ဖြိုးရေးနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၅ ရက် နံနက်၉နာရီခွဲက ဘီးလင်းမြို့ မြို့နယ်သာသနာ့ဗိမာန်တည်ဆောက်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ငါးပါးသီလခံယူဆောက်တည်

ဆက်လက်၍ တိုင်းမှူးသည် ဘီးလင်းမြို့နယ် ၄က်ပျောတောကျောင်းတိုက် သာသနာ့ဓာတိပါလမဟာဗိမာန်တော်ဓမ္မာရုံတွင် ကျင်းပသည့် မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ နိုင်ငံတော်ဩဝါဒါစရိယ ဘီးလင်းမြို့ မုသင်ကျေးရွာ ရွာလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

မြန်မာ့အလင်း အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

❑ နိုင်ငံတကာ အာကာသယာဉ်မှူးများ လေ့ကျင့်ပေးရာဌာနတစ်ခုဖြစ်သည့် ဂါဂါရင် လေ့ကျင့်ရေး စခန်းတွင် လာမည့်လ၌ နိုင်ငံတကာ အာကာသစခန်းသို့ တက်ရောက်ကြမည့် အာကာသယာဉ်မှူး သုံးဦးတို့ ယခုအခါ လေ့ကျင့်လျက်ရှိကြသည်။

နိုင်ငံတကာအာကာသယာဉ်စခန်း သို့ သွားရောက်ကြမည့်အာကာသယာဉ်မှူးများ (စာ - ၆)

❑ ဘရာဇီး နိုင်ငံ အရှေ့ တောင်ဘက် ရီ ရို ဒီ ဂျ နေ ရိုး မြို့ ရှိ ကိုပါကာဘာနာ ကမ်းခြေတွင် သဲများဖြင့် ပြု လုပ် ထား သော လက်ရာမြောက်သည့် အဆောက်အအုံ ပုံစံတစ်ခုကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တစ်ဦးက ပြုလုပ်လျက်ရှိသည်။ အဆိုပါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်မှာ ကိုလံဘီယာနိုင်ငံသား အလုန်ဆိုဒိုင်စ်ဖြစ်ပြီး ဘရာဇီးနိုင်ငံသို့ အလည်အပတ်ခရီးရောက်စဉ် ကိုပါကာဘာနာ ကမ်းခြေတွင် လှပသော သဲအဆောက်အအုံတစ်ခုပြုလုပ်ရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

လက်ရာမြောက် သဲပန်းပုရုပ်တု (စာ - ၆)

❑ မျက်မှောက်ခေတ် ကာလတွင် နည်းပညာများ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း တိုးတက်ကျယ်ပြန့်လာသည်။ လူသားတို့အား အကျိုးပြုရာတွင် အံ့မခန်းတိုးတက်လာသည်။ ကွန်ပျူတာများတွင် ထည့်သွင်းအသုံးပြုသည့် ချစ်ပြားလေးမှ အစ အာကာသသို့ ဂြိုဟ်တုများ လွှတ်တင်ထားသည်အထိ နည်းပညာများ၏ တိုးတက်မှုအခန်းကဏ္ဍသည် မယုံကြည် နိုင်လောက်အောင် အံ့သြဖွယ်ကောင်းလှသည်။



ဗီယက်နမ်၌ ချစ်ပြားစက်ရုံတည်မည် (စာ - ၆)



❑ နာဆာအဖွဲ့မှ ပညာရှင်များသည် ဟူဘယ် အာကာသ အနုကြည့်မှန်ပြောင်းမှတစ်ဆင့် တွေ့မြင်ခဲ့ရသဖြင့် ယခင်က သံသယဖြစ်ခဲ့သော ပလူတို၏ အရံဂြိုဟ် လနှစ်စင်း ပြဿနာသည် ရှင်းလင်းသွားခဲ့ပြီ ဖြစ်သည်။

ပလူတို၏ အရံလနှစ်စင်း ထင်ရှားစွာတွေ့ရှိ (စာ- ၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

တွံတေးတံတား စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အားကြိုးမာန်တက် ကြိုးပမ်းတည်ဆောက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့၌ ပဓာနကျသော လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ ပိုမိုပြည့်စုံ ကောင်းမွန်လာစေရန် အလေးထား၍ စီမံဆောင်ရွက်ပေးနေသည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးအတွက် လမ်းသစ်များစွာကို ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ တံတားကြီးငယ်အသွယ်သွယ်ကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် တွံတေးတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တွံတေးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ အောက်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်သည်။

တံတားသည် တွံတေးတူးမြောင်းကို ဖြတ်သန်းတည်ဆောက်လျက်ရှိပြီး ချဉ်းကပ်တံတား အရှည် ပေ၂၇၃၀နှင့် ပင်မတံတားအရှည်ပေ၈၄၀ ရှိသည်။ တံတားယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ၊ နှစ်လမ်းမောင်းနှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီရှိသည်။ တံတားခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၄၅ ပေနှင့် ရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၇၀၀ ရှိသည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန် အမှတ်(၅)လမ်းမကြီးမှ ဒလ–တွံတေး ကားလမ်းသို့ ဆက်သွယ်ဖောက်လုပ်သည့်လမ်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူဖောက်လုပ်ခြင်းဖြစ်ပြီး ၁၁မိုင် ၁ ဖာလုံ ရှည်လျားသည်။

လမ်းအကျယ် ပေ၅၀ရှိ မြေသားတာပေါင်ခင်းခြင်းလုပ်ငန်းပြီးစီးနေပြီး ယင်းအပေါ်မှ တောင်မြေဖြင့် ၃၆ပေအကျယ် လမ်းခင်းခြင်း ကိုးမိုင်နှင့် ကတ္တရာခင်းခြင်း၁မိုင်၄ဖာလုံ ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလမ်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က လှိုင်သာယာ–ဒလ–တွံတေးလမ်းမှ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရွာရှစ်ရွာသို့ ဆက်သွယ်မည့်ကားလမ်းနှင့် တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။ ဒလ၊ လက်ခုပ်ကုန်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း ဒေသလမ်းများကိုလည်း အဆင့်မြှင့်တင်ပြုပြင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူများ ဆက်သွယ်ကူးသန်းသွားလာမှု ပိုမိုအဆင်ပြေလွယ်ကူစေရေး ရည်မှန်းချက်ဖြင့် တွံတေးတံတားကို တည်ဆောက်လျက်ရှိရာတွင် စံချိန်စံညွှန်းမီ သပ်ရပ်ခိုင်ခံ့ကောင်းမွန်စွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် မိမိတို့၏အတတ်ပညာနှင့် စေတနာပေါင်းစပ်၍ အားကြိုးမာန်တက် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆–၂–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"ခန္ဓာပဋိစ္စသမုပ္ပာဒ်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"မပြောင်းလဲသောအချစ်"** (အပိုင်း–၂)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း–၁၇)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲအစီအစဉ် Liverpool Vs Manchester City. (delay)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၂–၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သာမဏေကျော်စာတော်ပြန်ပွဲ
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ သီးနှံများကို မှတ်ပုံတင်ခြင်း
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ ပြည်တွင်းသတင်းအကျဉ်း
၇:၅၀ Myanmar Video Rhythm
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ မိုးလေဝသခန့်မှန်းချက်
၈:၅၀ ပိန်ခြင်းဝခြင်းပြဿနာနှင့် အပျိုစင်တို့ရဲ့အသားအရေ လှပခြင်း
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ Sunday Talk
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ တောမျိုးစုံလင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ စံပြမှုကြိုလေ့ကျင့်မှုအစီအစဉ်
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ အပိုင်း(၁)
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ မြန်မာ့ရော့ဝတီလင်းပိုင် သိကောင်းစရာများ (ရော့ဝတီလင်းပိုင်)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆:၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆:၄၀	Liverpool-Man:City	5-Sports(Live)
၇:၂၅	Bolton-Fulham	5-Movies(Live)
၉:၂၅	West Brom-Middlesbrough	5-Sports(Live)
၁၁:၃၀	Final Score	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Juventus-Leece	5-Cartoons(Live)

တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် ဓမ္မရာဇာ ၁လမ်း၊ အမှတ် ၁၂နေ ဦးကျင်မောင်–ဒေါ်တင်တင် မိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးအား ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်း ကပ်လှူရန်နှင့် ဝိပဿနာ တရားစခန်း ယောဂီဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် တစ်သိန်းခုနစ်သောင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းက လက်ခံယူစဉ်။ (၂၀၀)

ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း စက်ရုံများကြည့်ရှုစစ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများ လျာထားချက်ကျော်လွန်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် မန္တလေးတိုင်း မြစ်သားမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်စက်ရုံ(မြစ်သား)တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးကျော်ကျော်သောင်းက ပင်မအဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေ၊ ကုန်ကြမ်းသိုလှောင်ရုံနှင့် ကုန်ချောသိုလှောင်ရုံများ တည်ဆောက်မှုအခြေအနေ၊ လျှပ်စစ်မီးသွယ်တန်းပြီးစီးမှု၊ အဝီစိတွင်းတူးဖော် ပြီးစီးမှုနှင့် ရေရရှိရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရေရှည်တည်တံ့ခိုင်မြဲရန် စနစ်တကျ အစီအမံများထားရှိပြီး ဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံစီမံကိန်းလျာထားချက် ပုံစံငယ်၊ စီမံကိန်းဝင်းအတွင်း တည်ဆောက်ဆဲ ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝမ်းတွင်းမြို့သို့ ရောက်ရှိ၍ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝမ်းတွင်းချည်မျှင်နှင့်အထည်စက်ရုံရှိ ပုဆိုးရက်လုပ်မှုလုပ်ငန်းများနှင့် ရက်ဖောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

လိုအပ်ချက်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မိတ္ထီလာမြို့သို့ ရောက်ရှိ၍ ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပြည်သူ့အကျိုးပြု

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ရမည်းသင်းဆပ်ပြာစက်ရုံ ရှင်းလင်းဆောင်၌ ရမည်းသင်းခရိုင်နှင့် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံရာ ရမည်းသင်းခရိုင်နှင့် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက ပြည်သူ့ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေများကို အသီးသီး တင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရေး၊ အသင်းဝင်အင်အား တိုးပွားလာရန် စည်းရုံးရေးလက်နက်ဖြင့် စည်းရုံးသွားရေး၊ မျိုးဆက်သစ် လူငယ်များ၏ အရည်အသွေး၊ အရည်အချင်းတိုးမြင့်ရန် လေ့ကျင့်ပျိုးထောင်သွားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆပ်ပြာစက်ရုံ (ရမည်းသင်း) သို့ရောက်ရှိ၍ ရွှေဝါဆပ်ပြာ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကာဘော်လစ်ဆပ်ပြာ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ဆပ်ပြာတံဆိပ်ရိုက်ခြင်းလုပ်ငန်းများနှင့် မွှေးဆပ်ပြာ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရမည်းသင်းမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံသို့ရောက်ရှိ၍ စက်ရုံထုတ် (၁/၂၁)ချည်နှင့် (၁/၃၂)ချည်များကိုလည်းကောင်း၊ စက်ရုံမှရက်လုပ်သော ပိတ်များကိုလည်းကောင်း၊ ရက်ကန်းစက် ၄၀၀ ၏ ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ တိုင်ချည်ရှည်ဌာနကိုလည်းကောင်း၊ ပိတ်စစ်ဆေးခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဆေးဆိုးပန်းရိုက်ထည်များဖြင့် ကလေးဝတ်၊ ကျား၊မဝတ် အင်္ကျီများကိုလည်းကောင်း၊ ပိတ်ခေါက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အနံ့ဆန့်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ဘောင်ပန်းရိုက်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ဆေးရောင်ဖော်၊ ရေလျှော်၊ အခြောက်ခံခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများ လျာထားချက်ပြည့်မီ ကျော်လွန်အောင် ကြိုးပမ်းသွားရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာပြန့်ပွားရေးအဖွဲ့ ဗုဒ္ဓဒေသနာသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ ပဓာနနာယကဆရာကြီး ဦးငွေအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ စနစ်သစ်နည်းဖြင့် လေ့လာသင်ကြားသော (၂၃)ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်းကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ မတ် ၁၈ ရက် (စနေနေ့)မှစ၍ မေ ၁၄ ရက် (တနင်္ဂနွေနေ့)အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်သည်။

ဗုဒ္ဓနည်းနာမ်ရုပ် လေ့ကျင့်ရေးအလုပ်စခန်းကို မေ ၁၈ ရက်မှ ၂၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လေ့ကျင့်ပွားများမည်ဖြစ်ရာ လာရောက်နာကြား ပွားများနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူး ဇေယျာသိရီအသောက ကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဲခူးမြို့ ဗိုလ်ကုန်း ၁၈ ရပ်ကွက် ဇေယျာသိရီအသောက ကျောင်းတိုက်တွင် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့တွင် ကျင်းပရာ ပဲခူးတိုင်း မြို့နယ်များမှ ဆရာတော်များ၊ ပဲခူးတိုင်း ပညာရေးမှူး ဦးသိန်းလှိုင်၊ တိုင်း/မြို့နယ်သာသနာရေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

မှတ်တမ်းတင်

အစီအစဉ်အရ ပဲခူးတိုင်းပညာရေးမှူး ဦးသိန်းလှိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မင်္ဂလာရာမဆရာတော်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ကြွရောက်လာကြသော ဆရာတော်၊သံဃာတော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပဲခူးမြို့ ဇေယျာသိရီအသောကကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်၊ ပဲခူးတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မင်္ဂလာရာမ ဆရာတော်၊ ပဲခူးတိုင်းပညာရေးမှူး ဦးသိန်းလှိုင်နှင့် တိုင်းသာသနာရေးမှူး ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများက သြဝါဒအမှာ စကားပြောကြား လှူဒါန်းကြပြီး အလှူရှင်များဖြစ်ကြသော ဦးထွန်းရွှေ- ဒေါ်မြကြည်မိသားစု၊ အုန်းပင်တန်းလမ်း ပဲခူးမြို့နှင့် ကိုတင့်ဆွေမြင့်(ခ)ကိုကုလား-မစုစုထွေး(ဥဿာမေကုန်စုံဆိုင်)မိသားစု ဘုရားဈေးသစ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(က-ပ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစားပုညကုသလအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ပုညကုသလအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ၂၆ ရက်(တနင်္ဂနွေနေ့) (ယနေ့)တွင် ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်း အမှတ်(၁)ရှိ ရဲဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ ယင်းနေ့အရုဏ်တက်ချိန်တွင် ဘုရားအနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၉ နာရီတွင် အသက် ၈၀ ကျော် သက်ကြီးပူဇော်ခြင်း၊ နံနက် ၁၀ နာရီ၌ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လုမ္ဗိနီရင်ခွင်ပိုက် သာသနာပြုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးငယ်လေးများ လုမ္ဗိနီရင်ခွင်ပိုက် သာသနာပြုသင်တန်းကို နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၂ ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်၌ ဖွင့်လှစ်ထားရာ သင်တန်းသို့ ပို့ဆောင်လိုသော မိဘများသည် အဖွဲ့ချုပ်ရုံး ဖုန်း-၅၄၁၉၄၃ သို့လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ၁၄ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ် ၅ ရပ်ကွက်ရုံးတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းမြင့်က ကျေးဇူးတင်စကားပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ဒဂုံမြို့နယ် ယောမင်းကြီးလမ်း ဒေါ်ခင်အေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာအမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ

(National Seminar on the Anti Trafficking in Persons Law)

၂၈-၂-၂၀၀၆ မှ ၁-၃-၂၀၀၆

ရန်ကုန်၊ ဆီဒိုးနားဟိုတယ်

အာဖရိကအရှေ့ပိုင်း၌ မိုးခေါင်မှုဒဏ် ကြုံတွေ့နေရ

ဘာလင် ဖေဖော်ဝါရီ ၂၅

အာဖရိကအရှေ့ပိုင်း၌ မိုးခေါင်မှုကြောင့် ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့နေရခြင်းကို ကုလသမဂ္ဂက ကမ္ဘာသို့ သတိပေးပြောကြားလိုက်သည်။

မိုးခေါင်မှုကြောင့် ငတ်မွတ်ခေါင်းပါးမှုကြုံတွေ့နေရသည့် အီသီယိုပီးယား ကလေးငယ်တစ်ဦး။

ယင်းမိုးခေါင်မှုသဘာဝဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် လိုအပ်သည့် ရန်ပုံငွေများထူထောင်ပေးခြင်းဖြင့် ရှောင်ရှားနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းမှာ လများစွာမဟုတ်တော့ဘဲ သတင်းတစ်ပတ်တာကြာမြင့်မည်ဖြစ်ကြောင်း အာဖရိကဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် ကေဂျယ်လ်ဘွန်ဒီဗက်က ပြောကြားလိုက်သည်။

ကင်ညာ၊ အီသီယိုပီးယား၊ အီရီထရီးယား၊ ဆိုမာလီယာနှင့် ဒီဂျီဘောတီတို့ရှိ ပြည်သူ ၁၁သန်းခန့် ယင်း မိုးခေါင်မှုဒဏ်ကို ကြုံတွေ့ခံစားနေကြရကြောင်း ကုလသမဂ္ဂက ခန့်မှန်းပြောကြားသည်။

ယင်းဒေသများအတွက် စားနပ်ရိက္ခာမှာ သုံးပုံတစ်ပုံသာရှိတော့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ပြောကြားသည်။ အလှူရှင်နိုင်ငံများက လိုအပ်သည့်ရန်ပုံငွေ ဒေါ်လာ ၅၇၄သန်း တင်ပြတောင်းခံထားရာ ၁၈၆သန်းသာ ကူညီရန် တင်ပြထားသည်။ **(အင်တာနက်)**

ပနားမား တူးမြောင်း တိုးချဲ့ဖောက်လုပ်မည်

ပနားမားစီးတီး ဖေဖော်ဝါရီ ၂၅

ပနားမားတူးမြောင်း တိုးချဲ့ဖောက်လုပ်ရေးတွင် အလုပ်အကိုင်သစ် ၈၀၀၀နှင့် ၁၀၀၀၀အကြားထွက်ပေါ်လာမည် ဖြစ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့ ဒုတိယအကြီးအကဲ မန်နူရယ်ဘင်နီတက်ဇ်က ဖေဖော်ဝါရီ ၂၂ရက်၌ ပြောကြားသည်။

ပနားမားတူးမြောင်းတိုးချဲ့ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ယခုအကောင်အထည်ဖော်မည့် ပနားမားတူးမြောင်း တိုးချဲ့ရေးစီမံကိန်းမှ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းတွင် ပနားမား နိုင်ငံသားများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုနှင့် ပတ်သက်၍ စိန်ခေါ်မှုအချို့နှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ခွင့်ပြုပေး

ပနားမားတူးမြောင်းတိုးချဲ့ရေးတွင် ကွဲပြားသော ရေလမ်းကြောင်း ၃၀ခန့် တိုးချဲ့ရန်နှင့် တူးမြောင်းအနီး ဧရိယာများတွင် ရေကာတာများ၊ ရေထိန်း ဆည်ကြီးများ တည်ဆောက်ရန် ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ခွင့်ပြုပေးခဲ့သည်။

ကုန်ကျမည်ဖြစ်

အဆိုပါ ပနားမားတူးမြောင်း တိုးချဲ့ရေးစီမံကိန်းသည် အမေရိကန် ဒေါ်လာ ရှစ်ဘီလီယံကျော် ကုန်ကျမည်ဖြစ်ကြောင်း မန်နူရယ်ဘင်နီတက်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ၂၂ခု ဂျာမနီနိုင်ငံမြောက်ပိုင်း ကျွန်းတစ်ကျွန်း၌တွေ့ရှိရ

ဘာလင် ဖေဖော်ဝါရီ ၂၅

ဂျာမနီနိုင်ငံမြောက်ပိုင်း ကျွန်းတစ်ကျွန်းတွင် ကြက်ငှက် တုပ်ကွေးရောဂါ နောက်ထပ်ဖြစ်ပွားမှု ၂၂ခုတွေ့ရှိရကြောင်း ဓာတ်ခွဲခန်းမှ ဖေဖော်ဝါရီ ၂၁ရက်က အတည်ပြုပြောကြားသည်။

ယင်းသို့အသစ်ဖြစ်ပွားမှုများကို ရူဂန်ကျွန်း၌ တွေ့ရှိရခြင်းဖြစ်ကြောင်း ဖရိုင်းဒရစ်လိုဖလာ သိပ္ပံဌာနက သတင်း ထုတ်ပြန်သည်။

ဗိုင်းရပ်စ်ပိုးဖြစ်ပွား

ယခုအချိန်အထိ တောရိုင်းငှက်များတွင် သေစေနိုင်သည့် အိပ်ချ်(၅) အင်(၁)ဗိုင်းရပ်စ်ပိုးဖြစ်ပွားမှု ၁၀၃ခုကို တွေ့ရှိခဲ့ပြီး အများစုမှာ အဆိုပါ ကျွန်းမှဖြစ်ကြောင်း သိပ္ပံဌာနက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို လွန်ခဲ့သည့် ရက်သတ္တပတ်က အဆိုပါကျွန်း၌ ဖြစ်ပွားသည်ကို အတည်ပြုခဲ့ပြီး နောက်ပိုင်းတွင် အဓိက ကျွန်းမကြီးတွင်ပါ တွေ့ရှိခဲ့ရသည်။

သတိပေးနှိုးဆော်

ဂျာမနီနိုင်ငံ၌မူ ပြည်တွင်း ငှက်များ သို့မဟုတ် လူများတွင် အဆိုပါ ဗိုင်းရပ်စ်ပိုးကို ဖော်ထုတ်တွေ့ရှိခြင်း မရှိသော်လည်း ပြည်သူလူထုအား သေဆုံးသွားသော တိရစ္ဆာန်များ သို့မဟုတ် ငှက်များကို ထိတွေ့ မကိုင်တွယ်ကြရန် သတိပေးနှိုးဆော်ထားသည်။

ပိတ်ပင်တားဆီး

ပြည်တွင်းရှိ ကြက်ငှက်များ ရောဂါကူးစက်ခြင်းမှ ကာကွယ်သည့် အနေဖြင့် ရူဂန်ကျွန်းရှိ အိမ်မွေး ကြက်၊ ဘဲ စသည်တို့ကို အစုလိုက် အပြုံလိုက်သတ်ပစ်ခဲ့ပြီး ကြက်၊ဘဲများ ရောင်းချမှုနှင့် သယ်ယူပို့ဆောင်မှု များကိုလည်း အဆိုပါကျွန်း၌ ၂၁ရက် ပိတ်ပင်တားဆီးထားသည်။

အကူအညီပေးခဲ့

အဖွဲ့များကိုလည်း ကြက်ငှက် တုပ်ကွေး ရောဂါမပျံ့နှံ့ရေးအတွက် ဆောင်ရွက်ရန် အဆိုပါကျွန်းသို့ ပို့လွှတ်ထားပြီး ၎င်းတို့သည် ကျွန်း ပေါ်မှ လူများနှင့် ယာဉ်များကို ပိုးသတ်မှုတွင် အကူအညီပေးခဲ့ကြပြီး သေဆုံးသည့် ကြက်ငှက်များကိုလည်း စွန့်ပစ်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ ၂၄နာရီအတွင်း လူ ၄၇ဦး သေဆုံးခဲ့ရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၅

ဘဂ္ဂဒက်တွင် ဖေဖော်ဝါရီ၂၃ရက်က ၂၄နာရီအတွင်း လူ၄၇ဦးသေဆုံး ခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မိမိတို့သည် ကွဲပြားသည့်နေရာစုံတွင် အလောင်း၄၇လောင်းကို တွေ့ရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

လက်နက်ကိုင် ပြောက်ကျားများသည် ဖေဖော်ဝါရီ ၂၂ရက်ကတည်းက ဘဂ္ဂဒက်လမ်းများ၌ အရှိန်မြှင့်ကာ တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ကလည်း လုံခြုံရေးကို ထပ်မံတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ရိုက်တာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

ဖိလစ်ပိုင်အလယ်ပိုင်းရှိ မေယွန်မီးတောင်ပေါက်ကွဲနိုင် မီးတောင်နှင့်မြေငလျင်တိုင်းထွာရေးစခန်းမှ သတိပေးနှိုးဆော်

မနီလာ ဖေဖော်ဝါရီ ၂၅

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အယ်လ်ဘေးပြည်နယ်တွင် လွန်ခဲ့သည့် နှစ်များက ပြင်းထန်စွာ ပေါက်ကွဲခဲ့ဖူးသည့် မေယွန်မီးတောင်နှင့် ပတ်သက်၍ ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်တိုင်းထွာရေးစခန်း (ဖီဗော့လ်စ်)က တပ်လှန့် နှိုးဆော်ထားမှုကို ဖေဖော်ဝါရီ ၂၁ရက်က ပိုမိုမြှင့်တင်သတိပေးလိုက်သည်။

သတိပေးပြောကြား

မီးတောင်၏ ခြောက်ကီလိုမီတာ အန္တရာယ်ဇုန်အတွင်း စွန့်စားမှုမပြုလုပ်ကြရန် ဒေသခံရပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖီဗော့လ်စ် ညွှန်ကြားရေးမှူး ရီနာတိုဆိုလီဒမ်က သတိပေးပြောကြားခဲ့သည်။

မိမိ၏ အေဂျင်စီသည် အယ်လ်ဘေးပြည်နယ် ညှိနှိုင်းဆောင်ရွက်ရေးကောင်စီအား အဆင့်(၂)အဖြစ် သတိပေးတပ်လှန့်ထားရန် အကြံပေးထားကြောင်း ဆိုလီဒမ်က ပြောကြားသည်။

အကြိမ်ကြိမ်တုန်လှုပ်

အင်အားနည်းသည့် မီးတောင်ငလျင်ငယ်များ အကြိမ်ကြိမ်တုန်လှုပ်သည်ကို မိမိတို့၏ အယ်လ်ဘေး နောက်ဆုံးပေါ် စောင့်ကြည့်ရေးကိရိယာက မှတ်တမ်းတင်ဖမ်းယူမိကြောင်း၊ ပြည်နယ် မီးတောင်ဆိုင်ရာ ပညာရှင် အက်လာဂွာတာက ပြောကြားသည်။

အဆိုပါ မီးတောင်နောက်ဆုံးပေါက်ကွဲခဲ့သည့် အချိန်မှာ ၂၀၀၄ခုနှစ် ဇူလိုင်လက ဖြစ်သော်လည်း ထိရောက်မှုအနည်းအကျဉ်းသာ ရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးမှာ ၁၈၁၄ခုနှစ် ဖေဖော်ဝါရီ ၁ရက်ကဖြစ်ပြီး ၂၀၀၁ခုနှစ်က ကက်ဆာဝါမြို့ကို ချော်ရည်များ ဖုံးအုပ်ခဲ့သဖြင့် လူ၁၂၀၀ခန့် သေဆုံးခဲ့ပြီး လူ၂၅၀၀၀နီးပါးကို ပြောင်းရွှေ့စေခဲ့ရသည်။

မေယွန် မီးတောင်ကို တွေ့ရစဉ်။

လှုပ်ရှားမှုအများဆုံးမီးတောင်

မနီလာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၃၀ရှိ အဆိုပါ မေယွန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံရှိ မီးတောင်များအနက် လှုပ်ရှားမှု အများဆုံး မီးတောင်တစ်ခု ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေနံလုပ်ကွက်များ၌ ပြန်ပေးဆွဲမှုများဖြစ်ပွားခဲ့ပြီးနောက် နိုင်ဂျီးရီးယားရှိ ရှဲကုမ္ပဏီကရေနံထုတ်လုပ်မှုလျှော့ချခဲ့

လေဂို့စ် ဖေဖော်ဝါရီ ၂၅

နိုင်ဂျီးရီးယားတောင်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ရွှိုင်ရယ်ဒတ်ချ်ရှဲကုမ္ပဏီက ၎င်း၏ ရေနံထုတ်လုပ်မှုကို တစ်နေ့လျှင် စည်ပေါင်း ၄၅၅၀၀၀ထုတ်လုပ်မှု လျှော့ချခဲ့ကြောင်း၊ ယင်းပမာဏမှာ နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံ ထုတ်လုပ်မှုမှ ၁၈ရာခိုင်နှုန်းရှိကြောင်း ယင်းကုမ္ပဏီမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဖေဖော်ဝါရီ ၂၁ရက်၌ ပြောကြားသည်။

လောလောဆယ်တွင် ရှဲကုမ္ပဏီက တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၅၅၀၀၀ထုတ်လုပ်ရန် ပိတ်ပင်ထားမည်ဖြစ်ကြောင်း အဆိုပါပြောခွင့်ရ ပုဂ္ဂိုလ်က ဆင်ဟွာသို့ ပြောကြားသည်။

ဆီးနှင်းများဖုံးလွှမ်း

နိုင်ဂျီးရီးယားနိုင်ငံ တစ်နေ့ရေနံ ထုတ်လုပ်မှုစည်ပေါင်း ၂ဒသမ ၅သန်း ထွက်ရှိနေသည့် နိုင်ဂျီးရီးယားမြစ်ဝ ရေနံလုပ်ကွက်တွင် တိုက်ခိုက်မှုများ၊ ပြန်ပေးဆွဲမှုများဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ ကုမ္ပဏီက ၎င်း၏ ရေနံထုတ်လုပ်မှုကို လျှော့ချခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သော သီတင်းပတ်က အဆိုပါ ရေနံ လုပ်ကွက်မှ နိုင်ငံခြားသားကိုးဦး ပြန်ပေးဆွဲခံရမှုမှာ သတင်းအစအန မရရှိသေးကြောင်း၊ ပြန်ပေးဆွဲခံရသည့် ရေနံအလုပ်သမားကိုးဦးမှာ အမေရိကန် ကုမ္ပဏီဖြစ်သည့် ဝဲလ် ဘရော့စ်ကုမ္ပဏီမှ ဖြစ်ကြောင်း၊ ယင်းကိုးဦးမှာ အမေရိကန်သုံးဦး၊ အီဂျစ် နှစ်ဦး၊ ထိုင်းနှစ်ဦးနှင့် ဖိလစ်ပိုင် တစ်ဦး ပါဝင်ကြောင်း သိရသည်။ ယင်းတို့အား ဖေဖော်ဝါရီ ၁၈ရက်က ပြန်ပေးသမားများက ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အဲဘတ်စ်လေယာဉ်အင်ဂျင်များ စင်ကာပူ၌ ပြုပြင်တပ်ဆင်ပေးနိုင်



စင်ကာပူ ဖေဖော်ဝါရီ ၂၅

စင်ကာပူနိုင်ငံ စင်ကာပူလေကြောင်း အင်ဂျင်ဆားဗစ်ကုမ္ပဏီ (အက်စ်အေအီး အက်စ်အယ်)၏ ပြုပြင်တပ်ဆင်ရေး စက်ရုံ၌ ထရန့် ၅၀၀လေယာဉ်၏ အင်ဂျင်စက်ကို တွေ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

စင်ကာပူနိုင်ငံ၌ ဖေဖော်ဝါရီ ၂၀ရက်ကစပြီး အာရှလေကြောင်း ပြပွဲကြီးတစ်ရပ် ကျင်းပခဲ့သည်။ ယင်းလေကြောင်း ပြပွဲကြီးသည် အာရှ၏ အကြီးဆုံး လေကြောင်း ပြပွဲကြီးဖြစ်ပြီး အာရှမှ တရုတ်၊ အိန္ဒိယနှင့် အခြားသော ဒေသတွင်း နိုင်ငံများမှ စူပါဂျမ်ဘိုနှင့် အသံထက် မြန်သော ဂျက်လေယာဉ်များကို ပြုပြင်တပ်ဆင် ထုတ်လုပ်ပေးနိုင်ရန် ပြသခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုပေးမည်

အဆိုပါကုမ္ပဏီသည် အဲဘတ်စ်မှ ထုတ်လုပ်သော အေ-၃၈၀လေယာဉ်များ၏ ထရန့်၉၀၀အင်ဂျင်ကို ကမ္ဘာတွင် ပထမဆုံး ပြုပြင်တပ်ဆင် ပေးနိုင်မည့် ကုမ္ပဏီဖြစ်လာမည် ဖြစ်သည်။ ယင်းလေယာဉ်များကို ယခုနှစ်တွင် စင်ကာပူ လေကြောင်း၌ ဝန်ဆောင်မှု ပေးမည် ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊အေပီ

ဂျပန်မင်းသမီးကီကို ဆောင်းဦးရာသီတွင် ဂျပန်ကေရာဇ်၏ မြေးတော်ကို မွေးဖွားပေးမည်ဟုဆို

တိုကျို ဖေဖော်ဝါရီ ၂၅

ဂျပန်အိမ်ရှေ့မင်းသား နာရူဟီတို၏ ခယ်မဖြစ်သူ မင်းသမီး ကီကိုသည် ဆောင်းဦးရာသီတွင် ဧကရာဇ်ဘုရင်၏ မြေးတော်ကို မွေးဖွားပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါ မင်းသားက ဖေဖော်ဝါရီ ၂၂ရက်က ပြောကြားသည်။

အဆိုပါ အိမ်ရှေ့မင်းသားသည် ကြာသပတေးနေ့တွင် အသက် ၄၆နှစ်ရှိပြီဖြစ်ရာ မွေးနေ့အခမ်းအနား မတိုင်မီ ၎င်းက သတင်းထောက်များ အား ပြောကြားရာတွင် ၎င်းနှင့်၎င်း၏ ဇနီး မာဆာကိုတို့သည် မင်းသား အကီရှိတိုထံမှ မင်းသမီး ကီကို၌ ကိုယ်ဝန်ရှိနေခြင်းနှင့် ပတ်သက်ပြီး သတင်းကြား သိရကြောင်း၊ ယင်းတို့အတွက် မင်္ဂလာသတင်းပင် ဖြစ်ကြောင်း ပြောကြားသည်ကို ကျိုဒို သတင်းဌာနက ဖော်ပြသည်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိကလည်း ယခုလစောစောပိုင်းတွင် သူ၏ အစိုးရက အမျိုးသမီးများ ထီးနန်းဆက်ခံခြင်းကို ပြန်လည်သုံးသပ်မည်ဟု ပြောကြားခဲ့သည်။ မင်းသမီးကီကို ယောကျ်ားလေးမွေးဖွားခဲ့လျှင် မင်းသား နာရုဟီတိုနှင့် မင်းသား အကီရှိနိုတို့ပြီးလျှင် တတိယမြောက် ထီးနန်းဆက်ခံမည့်သူ ဖြစ်လာလိမ့်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှားပါး ဒေါင်းဖြူ

အလွန်ရှားပါးသော ဒေါင်းဖြူတစ်ကောင်ကို တွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါ ဒေါင်းဖြူငှက်ကို ဂျော်ဒန်နိုင်ငံ အမ္မန်မြို့အနီး သဘာဝဘေးမဲ့ဥယျာဉ်တစ်ခုတွင် တွေ့ရှိရခြင်းဖြစ်ပြီး ဦးခေါင်းနှင့်ခန္ဓာကိုယ်တစ်ခုလုံးတွင် အဖြူရောင်အမွေးများဖြင့်သာ ဖုံးလွှမ်းလျက်ရှိသည်။ သဘာဝတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ပြောကြားချက်အရ ထိုဒေါင်းဖြူငှက်များသည် ကမ္ဘာပေါ်တွင် အကောင်ရေ အနည်းငယ်သာရှိရာ မျိုးသုဉ်းမည့်အန္တရာယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပေါင် ရှစ်ထောင်တန် ရွှေဒင်္ဂါး

ပေါင် ရှစ်ထောင်တန် ရွှေဒင်္ဂါးပြားတစ်ခုကို တွေ့ရစဉ်။(အပေါ်ပုံ)

အဆိုပါ ရွှေဒင်္ဂါးပြားသည် ရုရှားနိုင်ငံတွင် ရှေးခေတ်နှစ်ပေါင်းများစွာက အသုံးပြုခဲ့သော ရွှေဒင်္ဂါးပြားတစ်ပြားဖြစ်ပြီး လန်ဒန်မြို့တွင် လေလံတင်ရောင်းချမည် ဖြစ်သည်။ ထိုရွှေဒင်္ဂါးပြားကို လေလံတင်ရောင်းချပါက ပေါင်ငွေ ရှစ်ထောင်ခန့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(အေပီ)**

ဆီးကျိတ်ကင်ဆာအောင်မြင်စွာ ကုသနိုင်ပြီ

ကင်ဘာရာ ဖေဖော်ဝါရီ ၂၅

သြစတြေးလျသိပ္ပံပညာရှင်အဖွဲ့သည် ဆီးကျိတ်ကင်ဆာနှင့်ပတ်သက်၍ သုတေသနပြုကာ လူသားတို့၏ ဆီးကျိတ်ကင်ဆာကုသရာတွင် ကြွက်တစ်သျှူးကို အသုံးပြုခြင်းဖြင့် ကမ္ဘာ့ပထမဆုံး အောင်မြင်မှုတစ်ရပ် ရရှိခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

တွေ့ရှိခဲ့ခြင်းဖြစ်

သြစတြေးလျတွင် ဒုတိယအကြီးဆုံး မြို့ဖြစ်သော မဲလ်ဘုန်းမြို့၌ တည်ရှိသည့် မွန်းနက်ချ်ဆေးသုတေသနသိပ္ပံဌာနမှ သိပ္ပံပညာရှင်အဖွဲ့သည် ကြွက်အကျိတ်ဆဲလ်နှင့် လူ့ဆဲလ်ကိုပေါင်းကာ ကြွက်များအတွင်း ထိုးသွင်းခဲ့ပြီးနောက် ယင်းသို့ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပိုမိုနားလည်

အစက သိပ္ပံပညာရှင်များသည် ဆီးကျိတ်နှင့် ပတ်သက်၍ နည်းလမ်းရှာမရခဲ့ကြောင်း၊ ယခုတွေ့ရှိမှုသည် ဆီးအကျိတ်မည်သို့ ကြီးထွားသည်ဆိုသည်ကိုပါ ပိုမိုနားလည်လာနိုင်မည်ဖြစ်ကြောင်း သုတေသန ပြုရာတွင် အတူပါဝင်သူ ရင်နီယာတေလာ၏ ပြောကြားချက်ကို ကိုးကား၍ ရေဒီယိုက ဖေဖော်ဝါရီ ၂၃ရက်၌ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ပလူတို၏ အရံလနှစ်စင်း ထင်ရှားစွာတွေ့မြင်ရ

နာဆာအဖွဲ့မှ ပညာရှင်များသည် ဟူဘယ်အာကာသအနုကြည့်မှန်ပြောင်းမှ တစ်ဆင့် ပလူတိုဂြိုဟ်အနီးတွင် အရံလနှစ်စင်းကို ထင်ရှားစွာ တွေ့မြင်ခဲ့ရသဖြင့် ယခင်က သံသယဖြစ်ခဲ့သော ပလူတို၏ အရံဂြိုဟ်လနှစ်စင်းပြဿနာသည် ရှင်းလင်းသွားခဲ့ပြီဖြစ်သည်။

ဖေဖော်ဝါရီ ၂၂ရက်က ဟူဘယ်အာကာသအနုကြည့်မှန်ပြောင်းမှ တစ်ဆင့် တွေ့ရသော အရံလနှစ်စင်း **(အပေါ်ပုံ)**သည် ထွန်းလင်းတောက်ပ ထင်ရှားပြတ်သားစွာ တွေ့မြင်ရပြီး ပလူတိုဂြိုဟ်နှင့် အလှမ်းမဝေးသောအရပ်တွင် ရှိကြောင်း နာဆာအဖွဲ့မှ အာကာသသိပ္ပံပညာရှင်များက ပြောကြားကြသည်။

အဆိုပါလနှစ်စင်းသည် ပလူတိုဂြိုဟ်၏ ညာဘက်တွင်ရှိပြီး လနှစ်စင်းမှာလည်း မဝေးကွာသော အနေအထား၌ တည်ရှိနေသည်။ နာဆာအဖွဲ့သည် ထိုအရံလနှစ်စင်းနှင့် ပတ်သက်၍ ထူးခြားမှုများကို ထပ်မံလေ့လာမှုပြုသွားမည်ဟု သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ သွားရောက်ကြမည့် အာကာသယာဉ်မှူးများ

နိုင်ငံတကာအာကာသယာဉ်မှူးများ လေ့ကျင့်ပေးရာဌာနတစ်ခုဖြစ်သည့် ဂါဂါရင် လေ့ကျင့်ရေးစခန်းတွင် လာမည့်လ၌ နိုင်ငံတကာအာကာသ စခန်းသို့ သွားရောက်ကြမည့် အာကာသယာဉ်မှူးသုံးဦးတို့ ယခုအခါ လေ့ကျင့်လျက်ရှိကြသည်။ **(ယာပုံ)**

လေ့ကျင့်စဉ်

ရုရှားနိုင်ငံမော်စကိုမြို့တော်အနီးရှိ စတားစီးတီးတွင်တည်ဆောက်ထားသော ဂါဂါရင်အာကာသယာဉ်မှူးများ လေ့ကျင့်ရေးစခန်းတွင် ဘရာဇီးမှ အာကာသယာဉ်မှူး မာကော့စ်ပွန်တက်စ် **(ဝဲအစွန်)**၊ ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗီနိုဂရာဒိုဗ် **(လယ်)**နှင့် အမေရိကန်အာကာသယာဉ်မှူး ဂျက်ဖ်ဖရီဝီလ်လမ်စ် **(ယာစွန်)**တို့မှာ အာကာသဆိုင်ရာ လေ့ကျင့်ခန်းများကို လေ့ကျင့်လျက်ရှိနေသည်။

၎င်းအာကာသယာဉ်မှူးသုံးဦး တို့သည် ဆိုယုဇ်အာကာသယာဉ် တစ်စင်းနှင့် အတူလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြပြီး လေ့ကျင့်မှုများပြီးစီးပါက လာမည့် မတ်လ ၃၀ရက်တွင် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်နှင့်အတူ လိုက်ပါသွားကြမည်ဖြစ်သည်။

(ကိုးကားချက်-အင်တာနက်)



ဗီယက်နမ်၌ ချစ်ပြားစက်ရုံတည်မည်

မျက်မှောက်ခေတ် ကာလတွင် နည်းပညာများ၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း တိုးတက်ကျယ်ပြန့်လာသည်။ လူသားတို့အား အကျိုးပြုရာတွင် အံ့မခန်းတိုးတက်လာသည်။

ကွန်ပျူတာများတွင် ထည့်သွင်းအသုံးပြုသည့် ချစ်ပြားလေးမှအစ အာကာသသို့ ဂြိုဟ်တုများလွှတ်တင်ထားသည်အထိ နည်းပညာများ၏ တိုးတက်မှု အခန်းကဏ္ဍသည် မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ်ကောင်းလှသည်။

အပြိုင်အဆိုင်ရှာဖွေ

ယင်းကဲ့သို့ တိုးတက်မှုနှင့်အတူ နည်းပညာကုမ္ပဏီများသည် ကမ္ဘာအနှံ့ ဈေးကွက်များ အပြိုင်အဆိုင်ရှာဖွေလာကြသည်။ ကမ္ဘာ့ချစ်ပြားအများဆုံးထုတ်လုပ်သည့် အင်တယ်ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၌ စက်ရုံတစ်ရုံ တည်ဆောက်ရန် လိုင်စင်ရယူထားပြီဖြစ်ကြောင်း သိရသည်။

ယင်းချစ်ပြားထုတ်လုပ်ရေး စက်ရုံကြီးကို ဟိုချီမင်းမြို့တော် တောင်ပိုင်း၌ ဒေါ်လာ၆၀၅သန်း အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

(ကိုးကားချက်-အေအက်ဖ်ပီ)

လက်ရာမြောက် သဲပန်းပုရုပ်တု

ဘရာဇီးနိုင်ငံ အရှေ့တောင်ဘက် ရီရိုဒီဂျနေရိုးမြို့ရှိ ကိုပါကာဘာနာကမ်းခြေတွင် သဲများဖြင့်ပြုလုပ်ထားသော လက်ရာမြောက်သည့် အဆောက်အအုံပုံစံတစ်ခုကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တစ်ဦးက ပြုလုပ်လျက်ရှိသည်။

ဆန္ဒဖြစ်ပေါ်

အဆိုပါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်မှာ ကိုလံဘီယာနိုင်ငံသား အလုန်ဆိုဒိုင်စ်ဖြစ်ပြီး ဘရာဇီးနိုင်ငံသို့ အလည်အပတ်ခရီးရောက်စဉ် ကိုပါကာဘာနာကမ်းခြေတွင် လှပသောသဲအဆောက်အအုံတစ်ခုပြုလုပ်ရန် ဆန္ဒဖြစ်ပေါ်ခဲ့ရာမှ ယခုကဲ့သို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သဲပန်းပုံ

အလုန်ဆိုဒိုင်စ်ပြုလုပ်သော သဲပန်းပုမြို့တော်အဆောက်အအုံရုပ်တုသည် ယခင်က အခြားနိုင်ငံများ၌ ပြုလုပ်ခဲ့သော ရုပ်တုများနှင့်မတူ ကွဲပြားကာ အနုစိတ် လက်စွမ်းပြတည်ဆောက်ထားသော တကယ့်အဆောက်အအုံများပုံစံ သဲပန်းပုံရုပ်တုဖြစ်သည်။ **(ဝဲပုံ)** **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပို့တွဲလကွယ်နေ့(ဥပုသ်နေ့)
၂၆-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ တပ်တဲလ်ကြိုးတံတား
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say It In English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂:၀၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **"တစ်ယောက်တည်း"** ဒွေး၊ နန္ဒာလှိုင်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်နန္ဒ)
၁၄:၀၀ ၆။ အတီးပြိုင်ပွဲ
၁၄:၁၀ ၇။ **"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၄:၂၅ ၈။ အဆိုပြိုင်ပွဲ
၁၄:၃၅ ၉။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၁၄:၄၅ ၁၀။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everday Use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၁၀ ၆။ အကပြိုင်ပွဲ
၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
၁၇:၃၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈:၄၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၁၄)(ဇာတ်သိမ်းပိုင်း)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၂၆)
၁၇။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်

သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် ဓမ္မသဘင်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သံဃာ့ဒါနဆွမ်းလောင်းအသင်း အကျိုးတော်ဆောင် အဖွဲ့က ကြီးမှူး၍ ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၇ရက်၊ မတ်၅ရက်မှ လပြည့်နေ့အထိ (၇၅)နှစ်မြောက် စိန်ရတုသဘင်ပွဲ အထိမ်းအမှတ်အဖြစ် ခုနစ်ရက် ဆွမ်းလောင်းလှူခြင်းနှင့် ဓမ္မပူဇာတရားပွဲများ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်ကြီးများက ရှစ်မျက်နှာ ဘုရားရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ရပ်ဝေးနေ မြို့သူမြို့သားများ လှူဒါန်းပါဝင်နိုင်ကြောင်း ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ၁၄ရက်က ဒဂုံမြို့နယ်အမက(၁)ကျောင်းခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

❒ **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ် သာသနာ့ဗိမာန်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လွင်က လက်ခံရယူသည်။

အလှူငွေပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များမှ အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်မှ ဌာနမှူး အရှင်ဆေကိန္ဒက ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာအတွက် ယင်လုံအိမ်သာ ၁၃၅လုံး တန်ဖိုးငွေကျပ် ၃၅ သိန်းကို ပေးအပ်လှူဒါန်းပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါ ဘီးလင်းမြို့နယ် သာသနာ့ဗိမာန်တော်အတွက် အလှူငွေပေး အပ်ပွဲအခမ်းအနားတွင် အလှူရှင်များက စုပေါင်းငွေ ကျပ် ၁၃၆၁၀၀၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သထုံမြို့နယ် ကြာပန်း-ဝီယော်လမ်း ဖောက်လုပ်ထားရှိမှုများနှင့် ချောင်းကူး၊ မြောင်းကူးတံတားများ ဆောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး သထုံမြို့နယ်၊ သရက်ညီနောင်ကျေးရွာ၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံကာ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် သထုံမြို့နယ် ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးရန် ပျိုးခင်းဆောက်လုပ်ထား ရှိသည့်နေရာသို့ သွားရောက်ကြည့်ရှုကာ ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ခြံစည်း ရိုးကြက်ဆူပင်များကို ကြည့်ရှုအားပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် ဝါးပါးရေလှောင်တမံ အခြေအနေကိုလည်းကောင်း၊ နွေစပါးစိုက်ခင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝါးပါးရေလှောင်တမံသည် တမံအလျား ၂၀၆၄ ပေ၊ တမံအမြင့် ၇၀ ဒသမ ၅ပေ၊ တာတမံထိပ် အကျယ်ပေ ၂၀၊ ရေဆင်းဧရိယာ ၂ ဒသမ ၇ စတုရန်းမိုင်ရှိသည်။ ရေပိုလွှဲအလျားပေ ၃၀၀၊ အကျယ်ပေ ၈၀၊ သံအားဖြည့် ကွန်ကရစ် ရေလှောင်တမံ အမျိုးအစားဖြစ်သည်။

ကြည့်ရှုအားပေး

ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မော်လမြိုင်မြို့နယ် မြေခံတပ်၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးပြီး မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့ ပျိုးထောင်ထည့်သွင်းစိုက်ပျိုးရန် မျိုးစေ့ ၀၄ ပေး၍ တက်ရောက်လာကြသူများ၏ ပျိုးအိတ်အတွင်းသို့ ကြက်ဆူမျိုးစေ့များ ထည့်သွင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

(၁၄)ကြိမ်မြောက်မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါ အထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)၌ကျင်းပရာ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရာရှိကြီးများ၊တပ်မှူးများ၊ ပါရဂူများ၊စာတမ်းရှင်သုတေသီများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ကိုယ်စား အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အကောင်းဆုံး စာတမ်းဖတ်ကြားသူဆု ရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အခမ်းအနားတွင် ရှေးဦးစွာ တပ်မတော် ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ကိုယ်စား အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အကောင်းဆုံးစာတမ်းဖတ်ကြားသူဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

စာတမ်းဆု

ဆက်လက်၍ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်မာလာသန်းက စာတမ်းဆုနှင့် အကောင်းဆုံး ပိုစတာဆု ရရှိကြသူများအားဆုများချီးမြှင့်သည်။

ထို့နောက် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးကိုယ်စား အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင်သုတေသနစာတမ်းပေါင်း ၄၁စောင်၊ ပိုစတာ၁၄ခု (Symposium)တစ်ခု၊ ဆေးလက်တွေ့ရောဂါဗေဒဆွေးနွေးပွဲ(Clinio Pathological Conference)တစ်ခု၊ (Academic Talk) ၁၁ခုနှင့် (Question & Answer Session) တစ်ခုတို့ကို ဖတ်ကြားဆွေးနွေး တင်ပြခဲ့ကြပြီး နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပါမောက္ခဗိုလ်မှူးကြီး ဒေါ်မာလာသန်း (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် စာတမ်းဆုနှင့် အကောင်းဆုံး ပိုစတာဆု ရရှိကြသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သရုပ်ပြမောင်းနှင်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားကာ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူမျိုးစေ့၊ကြက်ဆူမျိုးပွားကိုင်းများ၊ ကြက်ဆူဆီ၊ ကြက်ဆူမီးအိမ်၊ ကြက်ဆူဆီမီးဖိုနှင့် ကြက်ဆူကြိတ်ဖတ်များနှင့် လယ်ယာ ၁၆ လက် တွန်းထွန်စက်နှင့် လယ်ထွန်စက်ကြီးများကို ကြက်ဆူဆီ အသုံးပြု သရုပ်ပြမောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘက်စုံထူးချွန်ဆု

ဖေဖော်ဝါရီ ၁၉ ရက်က သဃ်္ဃန်းကျွန်း အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂) ၂၀၀၅-၂၀၀၆ ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို သပြေညိုခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမိုးလွင်က ထူးချွန်ဆုရ အလယ်တန်းပြဆရာမ ဒေါ်သောင်းရှင်အား ဆုချီးမြှင့်စဉ်။ (၀၅၂)

ဖေဖော်ဝါရီ၂၃ရက်က ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင် ရွှေပြား မျက်ပါး ရွှေသင်္ကန်းတော်ကပ်လှူရေးအတွက် အမှတ်၆၀ကုန်စျေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် အဖဦးသိန်းအမိ ဒေါ်ကြည်တို့အား အမှူးထား၍ အလှူရှင် Dr. Paul+Dr. Daw Khin Si နှင့် သား Jamesနှင့်သမီး Jasmin တို့၏ကိုယ်စား ဒေါ်ကြင်အေးက ကိုးလက်မပတ်လည်ရွှေစင် ရွှေပြားတစ်ကျပ်သား လေးချပ်အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေတောင်ရွှေမျက်မှန်ဘုရားဘုံနန်းပြာသာဒ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ရှိ ရေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ ဂန္ဓကုဋိတိုက် အထက်အဆင့်တွင် ဘုံနန်းပြာသာဒ် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း၂၅၀ခန့်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ကုသိုလ်ရှင်များ စေတနာသဒ္ဓါတရားရှိသရွေ့ ထည့်ဝင်လှူဒါန်းနိုင်ပါရန် ရန်ကုန်မြို့ ဦးကျော်အေး အမှတ်၁၂၀၊ မြေညီထပ် ၂၇လမ်း (အလယ်) ဖုန်း-၀၁-၃၇၁၇၄၀၊ ဒေါ်ညွန့်ညွန့်ခင် (မြပိုးထည်တိုက်) အမှတ်၁၃၁၊ အနောက်ဘက်တန်း ဗိုလ်ချုပ်အောင်ဆန်းဈေး ဖုန်း-၀၉-၉၉-၂၂၈၂၃နှင့် ဘုရားကြီးဂေါပကအဖွဲ့ (ရွှေတောင် ဖုန်း-၅၃)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ည၇နာရီက မြို့နယ်အားကစားကွင်းရှိ ပြည်ထောင်စုနေ့ အခမ်းအနားစင်မြင့်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စာရေးဆရာ ရွှေစွန်ညို၊ ကောင်းသန့်၊ ဒေါက်တာခင်မောင်ညိုနှင့် စာရေးဆရာမ မြသန္တာတို့က စာပေရေးရာများ ဟောပြောကြသည်။ အဆိုပါ စာပေဟောပြောပွဲ အခမ်းအနားသို့ စာပေမြတ်နိုးသူ ပရိသတ် အင်အားတစ်ထောင်ကျော် တက်ရောက်အားပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ **(၁၈၀)**

ကျော်အောင်စံထား စာပေပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ပိုက်သင်ရွာ၌ ဖွားမြင်သောပထမ ကျော်အောင်စံထား (ညောင်ရမ်းခေတ်စာဆို)၏ နှစ်(၃၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲကို ရှင်ကရဝိက စာကြည့်တိုက်ကော်မတီမှ ကြီးမှူးကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသော ကဗျာ၊ ဆောင်းပါးများကို ဦးမျိုးဆန်း မဟာသိမ်တော်ကြီး ပန်းဘဲတန်းမြို့နယ်နှင့် ဒေါက်တာသက်လွင် သပြေညိုဠေ့ဂေဟာ ပခုက္ကူမြို့တို့သို့ မတ်၁၅ရက် နောက်ဆုံးထား ပေးပို့ကြရန်ဖြစ်သည်။ ပထမဆု ကျပ်တစ်သောင်းခွဲ၊ ဒုတိယဆု ကျပ်တစ်သောင်း၊ တတိယဆု ကျပ်ငါးထောင်နှင့် ကုန်းလမ်းဖြင့်အမှန်ကုန်ကျငွေ အသွားအပြန်ခရီးစရိတ်ကိုလည်း ချီးမြှင့်မည်ဖြစ်ပြီး ဆုရစာပေပညာရှင်များ ကိုယ်တိုင် ဧပြီ၁၅ရက်တွင် ပိုက်သင်ရွာ ဘုန်းကြီးကျောင်း၌ကျင်းပမည့် ဆုပေးပွဲသို့ တက်ရောက်ပြီး စာတမ်းဖတ်ကြားရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဒေါက်တာ သက်လွင် ဖုန်း-၀၆၂-၂၁၁၆၆နှင့် ဦးကျော်စိမ့် ဖုန်း-၀၆၂-၂၁၃၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၃၅၂)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂၀) အခြေခံပညာ မူလတန်းလွန်ကျောင်း ၂၀၀၄-၂၀၀၅၊ ၂၀၀၅-၂၀၀၆ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ကျင်းပရာ မြို့နယ်စာပေဘာသာရပ် သင်္ချာထူးချွန်ဆု ပထမနှင့် စတုတ္ထတန်း ပညာရည်ချွန် ပထမဆု ရရှိသော စတုတ္ထတန်း ကျောင်းသူ မခင်ဆွေဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းငြိမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ပရိယတ္တိစာပေများ ရှေးရိုးသင်ကြားနည်းများသာမက ခေတ်သုံးဘာသာရပ်များပါ ပူးတွဲလေ့လာခွင့်ရရှိ သာသနာ့တက္ကသိုလ်ကြီးများ နိုင်ငံတကာနှင့်လိုက်လျောညီထွေရှိသော ပညာရပ်များ သင်ကြားပို့ချလာနိုင် ပြည်တွင်းပြည်ပမှတက္ကသိုလ်ကြီးများနည်းတူ အရည်အသွေးအဆင့်အတန်းမြင့်မားနိုင်ရေး ရှေးရှုပြုပြင်ပြောင်းလဲခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၀၆)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယက ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက် ထားသည်။ (ယာအောက်ပုံ)

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသရ အမှူးပြုသော အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များ နှင့် အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဗဟိုအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အစည်းအဝေးသဘာပတိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသရက အဖွင့်သြဝါဒကထာမြွက်ကြားတော်မူသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့သည် ၁၉၈၆ခုနှစ် တက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ခဲ့သည့်အချိန်မှစ၍ အနှစ် နှစ်ဆယ်နီးပါး ယနေ့ကာလတိုင် သာသနာ့အကျိုးကို ရေရှည်မျှော်ကိုးလျက် ကြိုးစားထမ်းဆောင်လာခဲ့ကြပါကြောင်း၊ ၁၉၈၀ ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးပေါ်ထွန်းလာခဲ့သည်မှစတင်၍ သတ်မှတ်ပြဋ္ဌာန်းခဲ့သော ပရိယတ္တိပညာသင်ကြားရေး မူကြီးလေးရပ်ကို အခြေခံလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်မှုအောက်၌ တစိုက်မတ်မတ် ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်ခဲ့ကြသောကြောင့်သာလျှင် ယနေ့ကာလတိုင် တည်တံ့တိုးတက်လျက်ရှိသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစတင် ထင်ရှားထွန်းကားလာခဲ့သော ထေရဝါဒ ပိဋကတ်တော်များကို သံဃာတော် အရှင်သူမြတ်များက သမိုင်းစဉ်တစ်လျှောက် လက်ဆင့်ကမ်းသင်ကြားပို့ချ ကျက်မှတ်လေ့လာခဲ့ကြပြီး ပရိယတ္တိသာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လာခဲ့ကြပါကြောင်း၊ ထိုနည်းတူစွာ ဒါယကာ ဒါယိကာမများဘက်ကလည်း သံဃာတော်များ ပရိယတ္တိသာသနာပြုတာဝန်ကို ကြောင့်ကြကင်းစွာ ထမ်းဆောင်နိုင်ရေးအတွက် ပစ္စည်းလေးပါး မညှိုးနွမ်းရအောင် လှူဒါန်းထောက်ပံ့လာခဲ့ကြပါသောကြောင့် ပရိယတ္တိသာသနာတော်သည် ယနေ့ကာလတိုင် နေလပမာ ထွန်းတောက်လျက်ရှိသည်ကို တွေ့မြင်ကြရပါကြောင်း။

ခေတ်အဆက်ဆက်မှ ပရိယတ္တိ သာသနာ့ဝန်ဆောင် အရှင်မြတ်များက ပရိယတ္တိစာပေများကို ပို့ချသင်ယူတော်မူခဲ့ကြရာတွင် သာသနာ့တက္ကသိုလ်ကြီးများ စတင်တည်ထောင်ခဲ့သော ၁၉၈၆ခုနှစ် မတိုင်မီကာလအထိ ရှေးရိုးသင်ကြားနည်းများအတိုင်း မန္တလေးစာသင်နည်း၊ ပခုက္ကူစာသင်နည်း အစရှိသည့်နည်းများဖြင့် ပို့ချသင်ယူခဲ့ကြပြီး ပါဠိပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများ၊ တိပိဋကစာမေးပွဲများ၊ နိကာယ်စာမေးပွဲများ၊ စေတီယင်္ဂဏ၊ သကျသီဟစသော အမျိုးသားစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုလျက် ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ကြပါကြောင်း။

ပူးတွဲနှိုင်းယှဉ်လေ့လာခွင့်ရရှိ

သာသနာ့တက္ကသိုလ်ကြီးများစတင်တည်ထောင်သော ၁၉၈၆ခုနှစ်မှစတင်လျက် ပရိယတ္တိဝန်ဆောင်သံဃာတော် အရှင်မြတ်များသည် အထက်ပါစာသင်နည်းများအပြင် ပရိယတ္တိစာပေများကို ရှေးရိုးသင်ကြားနည်းများဖြင့် သာမက ခေတ်လေ့လာသင်ကြားနည်း၊ သုတေသနပြုသင်ကြားနည်းများဖြင့် သင်ယူခွင့်ရရှိလာခဲ့ကြပါကြောင်း၊ ၎င်းအပြင် ခေတ်လေ့လာနည်းအရ ကျယ်ပြန့်စွာသုတေသနပြုသင်ကြားနိုင်ရန် အဆင့်မြင့် ပါဠိဘာသာနှင့် သက္ကဋဘာသာ၊ နိုင်ငံတကာသုံး အင်္ဂလိပ်စသော ဘာသန္တရများ၊ လောကီဘာသာရပ်များဖြစ်သည့် အတွေးအခေါ်ဘာသာရပ်၊ သမိုင်း၊ ပထဝီအစရှိသည့် ခေတ်သုံးဘာသာရပ်များကိုပါ ပူးတွဲနှိုင်းယှဉ်လေ့လာသင်ကြားခွင့်ရရှိလာခဲ့သောကြောင့် ဤသာသနာ့တက္ကသိုလ်ကြီးများသည် နိုင်ငံတကာနှင့် လိုက်လျောညီထွေရှိသောပညာရပ်များကို သင်ကြားပို့ချလာနိုင်ခဲ့ပါကြောင်း။

ထို့အပြင် သာသနာတော်၏ အဆုံးအမများကို စာတွေ့ဖြင့်သာမက လက်တွေ့သဘော သင်ယူခွင့်ရရှိရန် သင့်လျော်ရာ တရားရိပ်သာဌာနများဖြင့် ဆက်သွယ်လျက် ပဋိပတ္တိလုပ်ငန်းများကို ၁၀ ရက်စခန်း၊ ၄၅ ရက်စခန်းစသည်ဖြင့် စာသင်သံဃာတော်များ အားထုတ်ကြရသဖြင့် လွန်စွာပြည့်စုံသော သင်ကြားနည်းဟုပင် သတ်မှတ်၍ရနိုင်ကောင်းပါကြောင်း။

ရန်ကုန်နှင့် မန္တလေးသာသနာ့တက္ကသိုလ်နှစ်ခုလုံးမှ ယခုနှစ် ကောဒသမအကြိမ်ဘွဲ့နှင်းသဘင်ကာလအထိ သာသနတက္ကသီလဓမ္မာစရိယ(B.A; Buddhism)ဘွဲ့ရ ၈၈၃ပါး၊သာသနာတက္ကသီလမဟာဓမ္မာစရိယ(M.A; Buddhism)ဘွဲ့ရ ၁၈၂ပါး၊ နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုတာဝန် နှစ်နှစ်ထမ်းဆောင်ပြီးသော ရဟန်းတော် ၅၁၁ပါး၊ နှစ်နှစ်သာသနာပြုတာဝန်ထမ်းဆောင်ပြီးနောက် ဆက်လက်၍ သာသနာပြုတာဝန်ထမ်းဆောင်ဆဲ ၄၇ပါး၊ သက်ဆိုင်ရာ ဘွဲ့မခံယူမီ နှစ်နှစ်သာသနာပြုတာဝန် ထမ်းဆောင်ဆဲ ၈၃ပါးရှိကြောင်းကို တွေ့ရှိရပါကြောင်း။

စီစဉ်ဆောင်ရွက်လျက်ရှိ

ယခုအချိန်တွင် သတင်းနည်းပညာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများ လျှင်မြန်စွာ ကူးလူးယှက်နွယ်လျက်ရှိသော (Global Village)ကမ္ဘာ့ရွာခေတ်ဖြစ်ပါသဖြင့် သာသနာ့တက္ကသိုလ်များ၏ ပညာသင်ကြားပို့ချရေး နည်းစနစ် လည်း နိုင်ငံတကာနှင့် လိုက်လျော ညီထွေရှိရန် လိုအပ်ကြောင်းကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ သာသနာ့တက္ကသိုလ်ကြီးများကိုလည်း ပြည်တွင်းပြည်ပမှ အခြားတက္ကသိုလ်ကြီးများနည်းတူ အရည်အသွေးအဆင့်အတန်းမြင့်မားလာနိုင်ရေးကိုရှေးရှု၍ သင်ကြားပုံနည်းစနစ်မှစ၍ လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲနိုင်ရန် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၇ရက်နှင့် ၈ရက်တို့တွင် ရန်ကုန်မြို့ရှိအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ **“သာသနာရေးဝန်ကြီးဌာန၊ နိုင်ငံတော်သာသနာ့တက္ကသိုလ်ကြီးများ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ”**ကိုကျင်းပခဲ့ပါကြောင်း၊ သာသနတက္ကသီလဓမ္မပါရဂူဘွဲ့သင်တန်းကိုလည်း နိုင်ငံတကာစံနှုန်းမီ ဘွဲ့ရပုဂ္ဂိုလ်ပေါ်ထွန်းလာနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆရာတော်ကြီးများနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်တည့်မတ်မှု၊ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၊ ဗဟိုပညာရေးအဖွဲ့၊ သက်ဆိုင်ရာတက္ကသိုလ်နှစ်ခု၏ စီမံခန့်ခွဲရေးအဖွဲ့၊ ပညာရေးအဖွဲ့တို့၏ ပုံမှန်ဦးဆောင်ထိန်းကျောင်းမှု၊ ပညာရှင်ဆရာတော်များနှင့်ဆရာကြီးများ၏ လုံ့လအားထုတ်မှု၊ နိုင်ငံတော်အစိုးရဦးဆောင်သော အလှူရှင်များ၏ သဒ္ဓါထက်သန်မှု၊ စာသင် သံဃာများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် မျိုးဆက်သစ် သာသနာ့ဝန်ဆောင် အရှင်မြတ်များ ယခုကဲ့သို့ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါကြောင်း။

သာသနာ့တက္ကသိုလ်ကြီးများ၏ ရေရှည်တည်တံ့တိုးတက်ရေးအတွက် ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဆက်လက်ကြိုးစားထမ်းဆောင်နိုင်ကြပါစေကြောင်းဖြင့်လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင်ကျင်းပခဲ့သည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၀၅) အစည်းအဝေးမှတ်တမ်း ကိုအတည်ပြုချက်ရယူပြီးအစည်းအဝေးမှတ်တမ်းပါကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကိုတင်ပြသည်။

ဆွေးနွေးဆုံးဖြတ်

ထို့နောက် ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်ကိုဆွေးနွေးဆုံးဖြတ်ကြပြီး တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်နှင့်မန္တလေး)တို့၏ တင်ပြချက်များကိုဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ အုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်ကလူပုဂ္ဂိုလ် ပညာရှင်တစ်ဦးတာဝန်ပေးအပ်ရေးနှင့်စပ်လျဉ်း၍ တင်ပြပြီးအထွေထွေကိစ္စရပ်များကိုဆွေးနွေးကြသည်။

မြွက်ကြား

ထို့နောက် သဘာပတိနိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကနိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှတ်(၄၂) အခြေခံပညာ မူလတန်းကျောင်း ရွှေပြည်သာမြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မထိုက်ထိုက်လွင်အား ကျောင်းအုပ်ဆရာကြီး ဦးညွန့်လွင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ပုသိမ်အသင်း(ရန်ကုန်) မြတ်မော်တင်ဘုရားဖူးပို့ဆောင်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပုသိမ်အသင်း(ရန်ကုန်)မှကြီးမှူး၍ မတ် ၃ရက်နှင့် ၁၀ရက်များတွင် မြတ်မော်တင်ဘုရားဖူး ပို့ဆောင်ပေးမည်ဖြစ်ရာလိုက်ပါလိုသူများသည် ပုသိမ်အသင်း(ရန်ကုန်)အမှတ် ၂၀၂-၂၁၄၊ ပထမထပ် အခန်း ၁၂/၁၃ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၇၉၂၅၈၊ ဦးလေးတင့် (ဘဏ္ဍာရေးမှူး) အမှတ်-၈၄၀၊ မဟာ ဗန္ဓုလလမ်းနှင့်လမ်းသစ်လမ်းထောင့်၊ လမ်းမတော်မြို့နယ် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃နှင့်ဦးလှိုင်ဝင်းရှိန်၊ ရွှေထိပ်တန်းခရီးသွားလုပ်ငန်း ၂၂၆ အထက်ပန်းဆိုးတန်းလမ်း ဖုန်း-၃၈၆၃၆၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဖေဖော်ဝါရီ၁၉ ရက်က ဗဟန်းမြို့နယ် ပညာရေးမိသားစု၏ ၂၀၀၆ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို အထက(၂)ဗဟန်း အားကစားရုံတွင်ကျင်းပရာ ရန်ကုန်တိုင်း ဘက်စုံထူးချွန် ပထမဆုရရှိသော အထက(၂) ဗဟန်းမှ မရည်မွန်အောင်အား မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

26-2 (08).p65 1 3/27/1905, 8:47 PM

■ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မိုင်းလပ်ကုန်းမြင့် လယ်ယာ ကျိုင်းတုံ တပ်နယ် ခြံစည်းရိုးကြက်ဆူ ဧက၄၀ စံပြစိုက်ခင်းတွင် တပ်ရင်း၊ တပ်ဖွဲ့များ အလိုက် ခြံစည်းရိုးကြက်ဆူပင်များ ကိုင်းဖြတ် စိုက်ပျိုးထားရှိမှုနှင့် ရှင်သန် ဖြစ်ထွန်းရေးအတွက် ပြုစုစောင့်ရှောက် ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များအကြား နာနတ်ပင်များ သီးညှပ်စိုက်ပျိုးထား ရှိမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားဖြည့်ဆည်း ဆောင် ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ ဝင်များသည် တိုင်းစစ်ဌာနချုပ် ဘက်စုံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စံပြပျိုး ဥယျာဉ်သို့ ရောက်ရှိကြပြီး ပျိုးဥယျာဉ် အတွင်း ခြံစည်းရိုးကြက်ဆူ မျိုးကိုင်း၊ မျိုးစေ့ ပျိုးပင်၇၇၃၀၀ ကို ပျိုးအိတ်၊ ပျိုးပေါင်များဖြင့် ပြုစုပျိုးထောင် စိုက် ပျိုးထားရှိမှုနှင့် မျိုးစေ့ပျိုးပင်ပေါက် များ၏ ရှင်သန်ဖြစ်ထွန်းနေမှု အခြေ အနေများကို လည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များ တွင်ထည့်၍ ပျိုးထောင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးသည်။

ပင်းဘောက်ရေလှောင်တမံ

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံ မြို့နယ် ဝမ်ကောင်းစံပြကျေးရွာအနီး ပြည်နယ်ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ရန် ရွေးချယ်လျာထား သည့် ပင်းတောက်ရေလှောင်တမံ တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိကြရာ ပြည်နယ်ဆည်မြောင်း ဦးစီးဌာနမှူး ဦးအောင်သန်းနှင့် တာဝန် ရှိသူများက ရေလှောင်တမံတည် ဆောက်မည့် အခြေအနေများ၊ ရေ လှောင်တမံ တည်ဆောက်မည့် ပုံစံ နည်းစနစ်များ၊ ရေလှောင်တမံမှ ရေ လှောင်နိုင်မည့် ပမာဏ၊ ရေပေးဝေ နိုင်မည့် ဧရိယာနှင့်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမို အကျိုး ဖြစ်ထွန်းနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် တိုင်းမှူးက ရေလှောင် တမံတည်ဆောက်မည့် မြေနေရာ၊ ရေလှောင် ထိန်းသိမ်းထားနိုင်မည့် ပမာဏနှင့် ရေပေးဝေနိုင်မည့် အခြေ အနေများကိုလည်းကောင်း၊ ရေလှောင် တမံအတွင်းသို့ ရေဝင်ရောက်မည့် ရေထွက်နေရာများနှင့် ရေဝင်နိုင်မှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ ဝင်များသည် တိုင်းရင်းသားလုပ်ငန်း ရှင် ဦးကြည်သိန်း တာဝန်ယူဆောင် ရွက်လျက်ရှိသည့်ကတ်တောင်ကျေး ရွာအုပ်စု၊ နောင်ကန်စံပြကျေးရွာအနီး နန့်စူ့ချောင်း ၂ X ၁၆၀ ကီလိုဝပ် အသေးစား ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းသို့ ရောက်ရှိကြပြီး ယာယီ ရှင်းလင်းဆောင်၌ မြန်မာ့လျှပ်စစ် ဓာတ်အား လုပ်ငန်း တွဲဖက် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်ဌေးက ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲခြင်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်း ကောင်း၊ တိုင်းရင်းသား လုပ်ငန်းရှင် ဦးကြည်သိန်းက နန့်စူ့ချောင်း အသေး စား ရေအားလျှပ်စစ်စီမံကိန်း လုပ် ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ် သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်း ကား လမ်း၊ ကျိုင်းတုံ–ဝမ်တာပုံလမ်းအပိုင်း ကားလမ်းကြောင်းတစ်လျှောက် လမ်း ကြောင်း ချဲ့ထွင်ခြင်းလုပ်ငန်း ဆောင် ရွက်ထားရှိမှု၊ စက်ယန္တရား ယားကြီးများ ဖြင့် လမ်းဘေးဝဲ၊ ယာ လမ်းကြောင်း ချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောက်ထုတ်လုပ်စုဆောင်းထားရှိမှု နှင့် လမ်းတံတား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ များကို သွားရောက် ကြည့်ရှုစစ်ဆေး သည်။

နွေစပါးစိုက်ခင်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ ဝင်များသည် ယန်းလောကျေးရွာအုပ်စု၊ ယန်းလောကျေးရွာ အနီးရှိ ကွင်း အမှတ်(၈၁)တွင် စိုက်ပျိုးထားသည့် မြို့ဝင်စံပြကွက်ဧက ၂၀၀နွေစပါး စိုက် ခင်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ဆင်းဧကရီ(၃)၊ ဆင်း ရွှေဝါ၊ ရွှေရင်အေး နွေစပါးစိုက်ခင်း များ၏ အောင်မြင်ဖြစ်ထွန်းမှုများကို လိုက်လံရှင်းလင်းပြသသည်။

တိုးတက်စိုက်ပျိုး

ကျိုင်းတုံမြို့နယ်တွင် ၂၀၀၄– ၂၀၀၅ခုနှစ်၌ နွေစပါးဒေသလျာထား ချက် ဧက၇၀၀၀အပေါ် ၇၁၇၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ် တွင် နွေစပါး ဒေသလျာထားချက်ဧက ၈၈၇၅အထိ တိုးတက်စိုက်ပျိုးသွား မည်ဖြစ်ရာ ကျိုင်းတုံမြို့နယ်အနေဖြင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ် အထိ ၈၆၁၅ဧက စိုက်ပျိုးထားရှိပြီး ဖြစ်ကြောင်းနှင့် လျာထားချက် ပြည့်မီ အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက် လက်စိုက်ပျိုး ဆောင်ရွက်လျက်ရှိရာ မကြာမီ နွေစပါး ထွန်တုံးပိတ်နိုင်တော့ မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူ ရွှေဆံတော်စေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်၍လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း တောင်ငူမြို့တွင်တည်ထားကိုးကွယ်လျက်ရှိသော ကျက်သရေ ဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်၏ ငှက်ပျောဖူးတော် ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရေး၊ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်ရေးနှင့် ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ၂၃ရက် နံနက်၉နာရီခွဲက အဆိုပါစေတီတော်ရှိ ကိုးခန်းသိမ်တော်ကြီး၌ ကျင်းပသည်။

လှည့်လည်ကြည်ညို

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် စေတီတော်ရင်ပြင်တော်မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ် ပွားတော်မြတ်အား ဖူးမြော်ကြည်ညို ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားကို ကိုးခန်းသိမ်တော်ကြီး၌ ကျင်းပရာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ရွှေဆံတော်စေတီတော် ဩဝါဒါစရိယ ကြာနီကန်စာသင်တိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ငါးပါး သီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် တာဝန် ရှိသူများသည် ဆရာတော်၊ သံဃာ တော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ်၁၀သိန်း နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေ ကျပ် ၁၀သိန်းကို တိုင်းမှူး ဗိုလ်ချုပ် ကိုကိုက ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့ဝင် ဦးတင်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အလှူရှင် သီရိ သုဓမ္မသီင်္ဂ အဂ္ဂမဟာ သီရိသုဓမ္မသီင်္ဂ ဒေါ်အုန်းခင်မိသားစုက ငှက်ပျောဖူး တော် ရွှေစင်၊ ရွှေပြားကပ်လှူရေးနှင့် အရှေ့ဘက်ဘုရားကိုးဆူ အာရုံခံတန် ဆောင်းအား မြန်မာမှုအနုလက်ရာများ ဖြင့် အသစ်ပြင်ဆင် တည်ဆောက်ရန် အတွက်အလှူငွေများကိုလည်းကောင်း၊ ဦးတင်ထွန်း(မိသားစု)က ငွေကျပ် ၁၀သိန်း၊ ဦးစိန်လင်း (မိသားစု)က ငွေကျပ် ၆၈၀၀၀၀၊ ဦးမြင့်ညိုမိသားစု က ငွေကျပ်သုံးသိန်းတို့ကိုလည်း ကောင်း အသီးသီးပေးအပ်လှူဒါန်း ကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် ကျန်အလှူရှင်များ က အလှူငွေများ ပေးအပ်လှူဒါန်း ရာ တောင်ငူတပ်နယ် ဗိုလ်မှူးချုပ် ကျော်အောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဧည့် ပရိသတ်များသည် ရွှေဆံတော်စေတီ တော်ဩဝါဒါစရိယ ကြာနီကန်စာသင် တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သူရိယထံမှ အနုမောဒနာ တရား နာကြားကာ လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ကေတုမတီ မြို့ရှိ Max Myanmar ဆောက်လုပ် ရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက် လျက်ရှိသော သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန၊ အစိုးရနည်းပညာကောလိပ် (တောင်ငူ)တည်ဆောက်ရေးစီမံကိန်း သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက် နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးနှင့် လုပ်ငန်း လျာထားချက် ပြည့်မီကျော်လွန်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက်နံနက်၁၀နာရီကလက်ထောက် ညွှန်ကြားရေးမှူးရုံးခန်းမ၌ပြုလုပ်သည်။

အစည်းအဝေးတွင် ရှမ်းပြည် နယ် (မြောက်ပိုင်း) ပြည်နယ်ပြန်ကြား ရေး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက မြို့နယ်အလိုက် ဒေသ အကျိုးပြုသတင်းပါရှိရေး၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များအား ရေရှည် တည်တံ့ခိုင်မြဲရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေး၊ မြို့နယ်၊ ခရိုင်များ၏ အစီရင်ခံစာများ သတ် မှတ်ရက်ထက် နောက်မကျစေဘဲ ပြည်နယ်ရုံးသို့ အရောက်ပေးပို့ရေး၊ ရေဒီယို၊ ရုပ်မြင်သံကြားပြစက်များ အလှူခံ ရရှိရေးတို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

အစည်းအဝေးသို့ လားရှိုး၊ ကျောက်မဲ၊ ကွင်းလုံ၊ မူဆယ်ခရိုင်တို့ မှ ပြန်/ဆက် ခရိုင်ဦးစီးအရာရှိများ တက်ရောက်ကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ သုတဘာဏ်စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသည့် သုတဘာဏ် စာတမ်းဖတ်ပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာ ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က စာတမ်းနှင့် စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားပြီး စာတမ်းရှင် အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက "အန်ကောဝပ်ခရီး" စာတမ်းကို ရောင်စုံဆလိုက်များဖြင့် ဖတ်ကြား တင်ပြပြီး စာတမ်းရှင်က မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်စိုက်ပျိုး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ ကျောက်တန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်းထည့်သွင်း ပျိုးထောင်စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

● ကျောက်ဖုံးမှ

ဆေးရုံသို့ရောက်ရှိလာပြီးပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်း များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက် ခြေနီနှင့် အရံမီးသတ်တပ်ဖွဲ့ဝင်များ နှင့် ပြည်သူများစုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု အားပေး ကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင် များသည် ကျောက်တန်းမြို့နယ် ကျိုက် စောနောင်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲသို့ တက်ရောက်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျောက်တန်းမြို့ နယ် ကျောက်တန်း ဘိုးဘွားရိပ်သာ ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ဘိုးဘွား ရိပ်သာရှေ့၌ ကျင်းပရာ ကျောက်တန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင် နှင့် အလှူရှင်များကိုယ်စား ဒေါက်တာ ဝင်းမြင့်နှင့် ဦးသောင်းမြင့်ဇော်တို့က ဘိုးဘွားရိပ်သာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက ဘိုးဘွားရိပ်သာ ကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အလှူငွေများလက်ခံ

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ခန်းမအတွင်း၌ ကျင်းပရာ ACE ဆောက်လုပ်ရေးမှ ဒါရိုက်တာ ဦးခင်မောင်ဦးက ဘိုးဘွား ရိပ်သာဆောက်လုပ်မှု အခြေအနေနှင့် ဘိုးဘွားရိပ်သာပြုစုစောင့်ရှောက်ရေး အဖွဲ့ ဥက္ကဋ္ဌဦးထွန်းလှရွှေက ဘိုးဘွား များ ပြုစုစောင့်ရှောက်ရေးလုပ်ငန်း များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ ကြပြီး ACE ဆောက်လုပ်ရေးက ငွေကျပ် ၅၃သိန်း၊ စီပီကုမ္ပဏီက ငွေကျပ်နှစ်သိန်းနှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနက ငွေကျပ် တစ်သိန်း အပါအဝင် အလှူရှင်များ လှူဒါန်းသည့် အလှူငွေကျပ် ၆၈ သိန်း ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည် ကြည့်ရှုကြပြီး အဘိုးအဘွားများအား ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်တန်းမြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာ ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်က မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိ သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ကျောက် တန်းမြို့နယ်အေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ ဝင်များသည် ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်းရေလယ်စေတီတော်ကို ဝင်ရောက်ဖူးမျှော်ကြည်ညို၍ စေတီ တော် ဘက်စုံမွမ်းမံတည်ဆောက်ရေး အတွက် အလှူငွေကျပ်နှစ်သိန်းကို ပေး အပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ ဝင်များသည် ကျောက်တန်းမြို့နယ် နွေ စပါးဧက၂၀၀စံပြစိုက်ကွက်သို့ ရောက်ရှိလာပြီး စိုက်ခင်းအတွင်း ဆင်းသွယ်လတ်စပါးမျိုး စိုက်ပျိုး ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန် တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူးက နွေစပါး စိုက်ဧကများ လျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစိုက်ပျိုးပြသကြရန် မှာကြား ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဇနီး တို့သည် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံအနီး၌ ကျင်းပသည့် ကျောက်တန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲ အခမ်း အနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက ခြံစည်းရိုး ကြက်ဆူပင် ကျယ်ကျယ်ပြန့်ပြန့် ပျိုးထောင်စိုက်ပျိုးကြရေးနှင့် ပတ် သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး တို့က အခမ်းအနားသို့ တက်ရောက် လာကြသည့် ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ ဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့ များကို စိုက်ပျိုးရန်ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုး ကြက်ဆူပျိုးခင်းသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်း များကို ပျိုးအိတ်များအတွင်း ထည့် သွင်း ပျိုးထောင်ပေးကြပြီး ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး ပညာပေး ပြကွက်နှင့် မြို့နယ်အတွင်းရှိ ဝန်ထမ်း များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင် နေမှုများကို ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ ဝင်များသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာနက အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် သန် လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေး ဇုန်သို့ရောက်ရှိလာရာ စီမံကိန်းရုံး၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူးက လိုအပ် သည်များ မှာကြားဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက်ရှည်စွာ အနာမဲ့ရေး (၁၃)

"ဆရာ ရန်ကုန်ပြန်လက်ဆောင် ဘာစကားများကြားရ၊ ဘာအစားများ စားရမလဲဆိုပြီး ဝင်လာကြတာပါဆရာ"

"ရမှာပေါ့ဦးလေးတို့ရာ၊ ရန်ကုန်ကို သွားတုန်းကလဲ အညာလက်ဆောင်ဆိုပြီး တမာချဉ်ယူသွားတော့ ရန်ကုန်ကမိတ်ဆွေတွေ သဘောကျကြပါတယ်။ အခု ရန်ကုန်ပြန်လက်ဆောင်ဆိုပြီး ငါးပိရည်ချိုယူလာတော့ ဦးလေးတို့ရဲ့ ဇနီးများကတော့ သဘောကျမှာ အမှန်ပါပဲ"

"အစားလက်ဆောင်တော့ ဟုတ်ပါပြီဆရာရယ်၊ စကားလက်ဆောင်လေးများရှိရင် လက်ဆင့်ကမ်းပါဦး"

ဟုတ်ကဲ့ ဦးလေးချော ကျွန်တော့်ဆရာကြီးဆီသွားပြီး ကျန်းမာရေးသတင်းမေးတော့...။

"အေး-အစတုန်းကတော့ တယ်နေမကောင်းချင်ဘူး၊ မင်းတို့လာတော့ နေကောင်းသွားတာပေါ့ကွာတဲ့။ မင်းတို့ကို အရင်တစ်ခါ နပိုလီယံရဲ့ အင်္ဂလိပ်စာတစ်ကြောင်း လက်ဆောင်ပေးလိုက်တယ်။ အခုတစ်ခါတော့ နီတိဆရာရဲ့ စကားလက်ဆောင်ပေးလိုက်မယ်။ အဲဒါကို မှတ်မှတ်သားသား၊ ဆင်ဆင်ခြင်ခြင်နေထိုင်ရင် ဆွေစဉ်မျိုးဆက် ဂုဏ်မငယ်ဘူး၊ စိတ်ချမ်းသာမယ်။ စိတ်ချမ်းသာရင် ကိုယ်လဲကျန်းမာရောပေါ့ကွာတဲ့"

"ဟုတ်ကဲ့ ဘာတဲ့လဲဆရာ" ဦးလေးချောက စကားစအပြတ်မခံဘဲ မေးပါသည်။

"ဆရာကြီးက Money is the bottomless sea in which honour, sincerity, prestige and your principle can be drawn. မြန်မာလိုဆိုရင်တော့ ငွေဆိုတာ အဆုံးမရှိလောက်အောင် နက်ရှိုင်းတဲ့ ပင်လယ်ကြီးနဲ့တူတယ်တဲ့။ မိမိရဲ့ဂုဏ်သိက္ခာ၊ မိမိရဲ့ အဆင့်သိက္ခာ၊ မိမိရဲ့ရိုးသားဖြူစင်မှုနဲ့ မိမိလုပ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအားလုံး နစ်မြုပ်သွားစေနိုင်တယ်တဲ့။ ဒါတွေနစ်မြုပ်ကုန်ရင် မိမိအတွက် ဘာကျန်တော့မလဲ။ ငွေဆိုတဲ့အရာတစ်ခုထဲနဲ့ မိမိစိတ်မပျော်ရွှင်နိုင်ဘူးတဲ့။ ငွေတောထဲမှာ ပိုပြီးချောက်ချားသွားမယ်။ ရူးတောင်သွားနိုင်တယ်။ ငွေသိပ်များရင် အန္တရာယ်ပေးတဲ့ ဖြစ်ရပ်တွေ တစ်ပုံကြီးရှိတယ်"တဲ့။

"ကျွန်တော်က သိပ်များတဲ့ငွေတွေ ကြီးနိုင်ငယ်ညှဉ်းမဟုတ်ဘဲ ရလာရင်ကော ဆရာလို့ ပြန်မေးမိတယ်"

"ဆရာကြီးက ကိုယ့်လုပ်အားနဲ့ ထိုက်တန်သလောက်ပဲ ယူတာကောင်းပါတယ်။ အတုယူထိုက်တဲ့ ထုံးတစ်ခု ရှိတယ်။ အရှင်အာနန္ဒာ အပါအဝင် သာကီဝင်မင်းသားခြောက်ဦးတို့ မြတ်စွာဘုရားထံ ရဟန်းပြုဖို့ရန်အတွက် ခွင့်တောင်းတာ "အနုပိယနိဂုံး" သရက်ဥယျာဉ်တော်အတွင်းမှာလေ။ သူတို့ရဲ့ ကျွန်ယုံတော်ဖြစ်တဲ့ ဆတ္တာသည် ဥပါလိကို လက်ဝတ်လက်စား အကုန်ချွတ်ပေးပြီး "သင်ပြန်ပေတော့ ဒို့တော့ ရှင်ရဟန်းပြုလိုက်ပြီလို့သာ အကြောင်းကြားလိုက်ပေတော့"လို့ မှာလိုက်ကြတယ်။ ဒီအချိန်မှာ ဥပါလိက စဉ်းစားတယ်။ သာကီဝင် မင်းသားတွေက အမျိုးမာန်စိတ်ဓာတ် သိပ်အားကြီးတယ်။ ငါက ဒီလက်ဝတ်လက်စားတွေကို ယူပြီးတော့ ပြန်သွားခဲ့ရင် ငါ့အပေါ် မယုံသင်္ကာဖြစ်နိုင်တယ်။ အသက်တောင် အန္တရာယ်ရှိနိုင်တယ်။ ဒီလက်ဝတ်လက်စားတွေကို ငါမတပ်မက်ဘူး၊ မယူဘူးဆိုပြီး ဘုရားထံ ရဟန်းပြုခွင့်တောင်းတယ်။ ခုနစ်ဦးဖြစ်သွားတာပေါ့"

"ရတနာတွေကို မတွယ်တာဘဲ ရဟန်းပြုပါရစေ ခွင့်တောင်းတာနဲ့ ရာထူးချက်ချင်းတက်သွားတယ်တဲ့။ နောက်ဆုံးမှ ခွင့်တောင်းပေမယ့် သာကီဝင်မင်းသားခြောက်ပါးစလုံးက ငါတို့ရဲ့ ကျွန်ဖြစ်ခဲ့တဲ့ "ဥပါလိ"ကို နောက်မှရဟန်းပြုပေးမယ်ဆိုရင် ငါတို့ရဲ့ ယခင်စရိုက်အတိုင်း အပေါ်စီးက ဆက်ဆံနေမိမှာစိုးလို့ မာန်မာနတွေကို ချိုးနှိမ်တဲ့အနေနဲ့ "ဥပါလိ"ကို ပထမဦးဆုံး ရဟန်းပြုစေပြီး သူတို့(ခြောက်)ဦးစလုံးထက် ဝါကြီးစေခဲ့တယ်တဲ့။ **ငွေအရင်းခံတဲ့ လောဘကို သတ်နိုင်ရင် အသက်အန္တရာယ်လဲ မစိုးရိမ်ရဘူး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး နိဗ္ဗာန်ချမ်းသာထိအောင် လှမ်းနိုင်တယ်ဆိုတာ နှလုံးသွင်းစမ်းပါတဲ့။** အခုလောလောဆယ်တော့ မတော်လောဘနဲ့ ညစ်စားတဲ့ ငွေမျိုးကို ရှောင်ကွာတဲ့။ ကောင်းရောင်းကောင်းဝယ်ရလဲ ရသလောက်အချိုးကျ ပြန်လှူ၊ စွန့်၊ ကုသိုလ်ပြု။ ဗိုက်ထဲရောက်ထားတဲ့ အစားတောင် အပြင်ပြန်မထွက်ရင် နေရခက်တယ်" လို့ စိတ်ရှည်လက်ရှည်ရှင်းပြတယ်။

"မှတ်သားစရာပါပဲ ဆရာရေ။ ကျန်းမာရေးအပြင် လူကြီးလူငယ် အရွယ်မရွေးဆင်ခြင်သင့်တဲ့ လောကီလောကုတ်သတိချပ်စရာပါ။နောက်စားပြီးသားပြန်မစွန့်ရင်မကောင်းဘူးဆိုတာ သိပ်ဟုတ်တယ်ဆရာ"

"ကျွန်တော် တလောက သုံးရက်လောက် ကိုယ်လက်ကိုက်ပြီး ဖျားချင်သလိုလိုဖြစ်လို့ ယာဂုနဲ့ ကြက်စွပ်ပြုတ်ရည်လေးပဲ သောက်နေတာ။ အခုကောင်းသွားပေမယ့် ဝမ်းမသွားဘဲ ဗိုက်ထဲမှာ မအီမလယ် ခံစားနေရတယ်၊ ဘာလုပ်ရမလဲ ဆရာ"

ဒေါက်တာ လွင်ကို

အသက်ကြီးသူများအတွက် ဝမ်းချုပ်ခြင်းဟာ ရောဂါတစ်ခုလိုဖြစ်နေတတ်ပါတယ်။ ဝမ်းမချုပ်အောင် –

(၁) အစားအစာကို သတိထား စားသင့်ပါတယ်။ စပျစ်သီး၊ သဖန်းသီး၊ သဘော်သီး၊ သရက်သီး၊ ငှက်ပျောသီးတို့ဟာ ဝမ်းကို ပျော့စေပါတယ်။ အစိမ်းရောင်အသီးအရွက်များ(ကန်စွန်း၊ ကိုက်လံ)၊ ခရမ်းချဉ်၊ ပဲအမျိုးမျိုး၊ ဂျုံ၊ ပျားရည်တို့လဲ ဝမ်းပျော့စေပါတယ်။ အထူးသဖြင့် လိမ္မော်သီးအမြှာပေါ်က အမျှင်ကလေးများနဲ့၊ ပန်းသီးကို အခွံပါစားရင် ဝမ်းပျော့ပြီး၊ ဝမ်းချုပ်ခြင်းကို ကာကွယ်ပါတယ်။ ပေါင်မုန့်ဖြူ၊ ကိတ်မုန့်၊ ဘီစကစ်၊ ဒိန်ခဲ၊ အသားများ၊ သကြားအဖြူနဲ့ သေချာ ကျက်အောင်ပြုတ်ထားတဲ့ ဥတွေစားရင်တော့ ဝမ်းချုပ်တတ်တာပေါ့"

"နံပါတ်(၂)ကတော့ အလေ့ကျင့်ပါပဲ။ အိပ်ရာထ မှန်မှန်ဝမ်းသွားတဲ့ အကျင့်လုပ်ပေးဖို့ လိုပါတယ်။ အကြောင်းကိစ္စရှိလို့ အောင့်ထားရာက အကျင့်ပျက်ပြီး ဝမ်းချုပ်သွားတတ်ပါတယ်။ ဒီလိုဆိုရင် အိပ်ရာထမှာ ရေနွေးနွေးတစ်ဖန်ခွက်ထဲမှာ ပျားရည်နှစ်ဇွန်းလောက် ထည့်ပြီး သောက်ရင် အဆင်ပြေသွားမှာပါ။ အစားအစာကို သိပ်နူးညံ့အောင် ချက်ပြီး ပြုပြင်လိုက်ရင် အာဟာရတန်ဖိုးပါ လျော့သွားတဲ့အပြင် ဝမ်းချုပ်စေတတ်ပါတယ်။ ရေသောက်တဲ့ အကျင့်လဲ အရေးကြီးပါတယ်။ အစာစားပြီးစ သိပ်မသောက်ဘဲ၊ အစားတစ်ခုနဲ့ တစ်ခုကြားမှာ ခပ်များများ သောက်တာ ကောင်းပါတယ်"

"နံပါတ်(၃) ကတော့ ဝမ်းမချုပ်အောင် ဗိုက်ကြွက်သားများ လေ့ကျင့်ခန်းလုပ်ပေးရတာပါ။ ကိုယ်လက်လှုပ်ရှားမှုအနေနဲ့ တစ်နေ့ တစ်မိုင်လောက် လမ်းလျှောက်ရင် လုံလောက်ပါတယ်။ လမ်းမလျှောက်နိုင်ရင်တော့ အိပ်ရာပေါ်မှာပဲ အသက်ပြင်းပြင်းရှူထုတ်ရင်း ဗိုက်ကြွက်သားများ လေ့ကျင့်ခန်း လုပ်ပေးသင့်ပါတယ်။ (Cold Sit bath)ဆိုတဲ့ ရေအေးထိုင်ပေးရင်လဲ ဝမ်းဗိုက်အောက်ပိုင်း ကြွက်သားများ အားကောင်းတတ်ပါတယ်။ (လိပ်ခေါင်းခွဲပြီး ရေနွေးထိုင်ပေးတာမျိုးပါ။) အဲဒီလိုထိုင်ရတာတောင် ခက်ခဲရင် နှစ်လက်မ သုံးလက်မထူတဲ့ ချည်အဝတ်တစ်ခုရေအေးဆွတ်ပြီး ဗိုက်ပေါ်မှာ ခေါက်တင်၊ခြောက်သွေ့တဲ့ အထိထားလိုက်တာဟာလဲ တစ်နည်းပါပဲ။ အစာသွားရာ လမ်းကြောင်းအတိုင်း လက်နဲ့ အသာနှိပ်ပေးတဲ့နည်းကိုလဲ သုံးလို့ရပါတယ်။ ဗိုက်ရဲ့ ညာဘက်အောက်ပိုင်းကနေ ဘေးတစ်လျှောက် အထက်ကို တွန်းတင်သွားပြီး ညာဘက်နံရိုးရောက်တော့ ဘယ်ဘက်နံရိုးဆီကို တွန်းနှိပ်၊ ဘယ်ဘက်နံရိုး အောက်ကနေ နံဘေးတစ်လျှောက် ဘယ်ဘက်အောက်ကို တွန်းဖိပေးခြင်းဖြင့်လဲ အစာလမ်းကြောင်းမှာရှိနေတဲ့ အစာအကြွင်းအကျန်တွေကို စအိုဝဆီတွန်းပို့ရာ ရောက်ပါတယ်"

"ဝမ်းချုပ်လို့ ဝမ်းနုတ်ဆေးစာရင်ကောဆရာ၊ ဘယ်ဆေးက ကောင်းလဲ"

"ဘယ်ဝမ်းနုတ်ဆေးမှ ပုံမှန်စားရင် မကောင်းပါဘူး၊ ကြာတော့ အူနံရံအမြှေးမှာရှိတဲ့ အမွေးငယ်(Micro-vallei) လေးတွေပျက်စီးပြီး ဝမ်းချုပ်ခြင်းအကျင့်ကို ဖြစ်စေတတ်ပါတယ်။ ရံဖန်ရံခါဆိုရင်တော့ ဆားခါးစားတာ ကောင်းပါတယ်။ နံနက် ၅နာရီလောက် ဆားခါး လက်ဖက်စားဇွန်း ခပ်မောက်မောက်ကို ရေနွေးနွေး လက်ဖက်ရည် တစ်ဖန်ခွက်နဲ့ သောက်လိုက်ရင် ၆နာရီခြား ဝမ်းနှစ်ခါ လောက်သွားပြီး ဗိုက်ထဲ ရှင်းသွားတတ်ပါတယ် ဦးလေးချောရဲ့"

"အခါးဓာတ်ပါတဲ့ အသီးအရွက်များ စားရင်ကော ဝမ်းသက်တယ်မို့လား ဆရာ"

"ဟုတ်ပါတယ် ဦးလေးစံမောင်၊ အခါးဓာတ်က ဝမ်းချုပ်၊ ဝမ်းကျစ်၊ သလိပ်များ၊ ထုံကျဉ်နာများနဲ့ ဆီးချို၊ လေငန်းရောဂါများ အတွက် ကောင်းတယ်လို့ ယေဘုယျဆိုပါတယ်။ နောက်ပြီး ခန္ဓာကိုယ် တစ်ခုလုံးမှာရှိတဲ့ သွေးတွေ လည်ပတ်စီးဆင်းဖို့ ကလာပ်စည်းတွေ စုပေါင်းလှုပ်ရှားဖို့ ဝါယောဆိုတဲ့ လေဓာတ်က ဦးဆောင်တယ်လို့ မြန်မာ့ဆေးပညာမှာ ပြဆိုထားပါတယ်။ ဒီလေဓာတ်ကိုဖြစ်စေတဲ့ အရသာကတော့ အခါးပါပဲ။ **အခါးအရသာရှိတဲ့ အစားအစာများကို ထပ်ခွဲလိုက်တော့ အေးခါး၊ ပူခါးဆိုပြီး ဖြစ်လာပါတယ်။ အေးခါးကတော့ ဝမ်းသက် စေတယ်ပေါ့။ ပူခါးကတော့ လေရဲ့ သဘောတရားအတိုင်း ခန္ဓာကိုယ် တစ်ခုလုံး တွန်းကန်ပျံ့နှံ့ပြီး နောက်ကျော၊ ဇက်ကျောတက်တဲ့ အဖြစ်မျိုး ခံစားရတတ်ပါတယ်"**

"အအေးခါး ဝမ်းသက်စေတဲ့ ဟင်းသီးဟင်းရွက်တွေကတော့ ခရမ်းကစော့၊ မြေခရမ်း၊ မဲဇလီဖူး၊ ချဉ်ပေါင်ခါး၊ မုတ်ခါး၊ ရှားစောင်း၊ ဧကရာဇ်၊ ရှားစောင်းခါး၊ ဂန့်ဂလာ၊ ကျီးအာရွက်၊ သပွတ်သီး၊ ကြက်ဟင်းခါးသီး၊ ပုံလုံသီး၊ ပုံလုံရွက်၊ လယ်ပဒူတွေပေါ့၊ ဝမ်းသွားချင်ရင် အဲဒါတွေစားသင့်ပါတယ်"

"တမာ၊ တောရှောက်ရွက်၊ ခွေးတောက်ရွက်၊ သက်ရင်းကြီးရွက်၊ ကြိတ်မှန်ရွက်၊ သဘော်ရွက်၊ ဂုံခါးရွက်၊ ပျဉ်းတော်သိမ်ရွက်၊ ဟင်းဂလာချဉ်၊ ဆင်တုံးမနွယ်တွေကတော့ ပူခါးမို့ ဝမ်းမသက်တဲ့အပြင် စာရင် နောက်ကျော၊ဇက်ကျောတွေ တက်တတ်ပါတယ်။ အခါးလဲကြိုက် ဝမ်းလဲသက်နေရင်တော့ ဒါတွေစားသင့်တာပေါ့ ဦးလေးစံမောင်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ အခုပြောတဲ့ ရန်ကုန်အပြန် စကား လက်ဆောင်တွေအတွက်ကော အစားလက်ဆောင် ငါးပိရည်ချို အတွက်ပါ ကျေးဇူးကုဋေကုဋာပါ။" ။

ပေးအပ်လှူဒါန်း

ဒေါပုံမြို့နယ် ဆေးစက်ရပ်ကွက် အနော်ရထာလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းရန်အတွက် ဆေးစက်ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမြနှင့်အဖွဲ့ဝင်များက အလှူငွေငါးသိန်းကို ဖေဖော်ဝါရီ ၆ရက်က လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့်အတွင်းရေးမှူး ဦးသိန်းထွန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒလမြို့နယ် ချစ်မိုးပညာဘဏ်တိုက် စာကြည့်တိုက်ဖွင့်
အလှူရှင်များက ဓမ္မ၊ ရသ၊ သုတစာအုပ်မျိုးစုံ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း ဒလမြို့နယ် (၆) နံပါတ်ရပ်ကွက် ချစ်မိုးပညာဘဏ်တိုက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက်၈နာရီက ရပ်ကွက်ရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးနိုင်ဝင်း နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့်တို့က အဖွင့်အမှာ စကားပြောကြားသည်။ ဆက်လက်ပြီး ချစ်မိုးပညာဘဏ်တိုက် စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အလှူရှင် ဦးခင်လှိုင် (ချစ်မိုးညို)က စာပေရေးရာများကို ဟောပြောကြသည်။**(ယာပုံ)**

အခမ်းအနားတွင် ချစ်မိုးပညာဘဏ်တိုက်စာကြည့်တိုက်အတွက် ဓမ္မ၊ ရသ၊ သုတစာအုပ်မျိုးစုံအုပ်ရေ ၃၅၀ နှင့် အလှူငွေကျပ် ငါးသောင်းအား ချစ်မိုးညိုက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက လက်ခံရယူသည်။ စာကြည့်တိုက်အတွက် အခြားအလှူရှင်များဖြစ်ကြသော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင် ဦးသန်းနိုင်က ဂျာနယ်မျိုးစုံ၊ သတင်းထောက် ဦးသန်းဝင်းမိသားစုက နာရီတစ်လုံးနှင့် မဂ္ဂဇင်းစာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက အသီးသီး လက်ခံယူကြသည်။

ဆက်လက်၍ ချစ်မိုးညိုက (၆) နံပါတ်ရပ်ကွက်တွင်းရှိ အခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသားကျောင်းသူကလေးများ အာဟာရ တိုက်ကျွေးနိုင်ရန်အတွက် အလှူငွေကျပ်တစ်သောင်းပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီက လက်ခံရယူပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့်နှင့် စာရေးဆရာ ချစ်မိုးညိုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(က-ပ)**

26-2 (10).p65 1 3/27/1905, 8:47 PM

မြို့ပြသန့်ရှင်းသာယာလှပရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၆ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၄လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀အကြား အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအရှေ့ဘက် ရေနုတ်မြောင်းအတွင်းမှ မြောင်းစာ၊ အမှိုက်သရိုက်များကို သန့်ရှင်းရေးလုပ်သားများက ဆယ်ယူ၍ အမှိုက်သိမ်းယာဉ်လေးစီးဖြင့် ရှင်းလင်းဆောင်ရွက်နေမှု၊ လမ်း၃၀နှင့် ၇၄လမ်း လမ်းဆုံနေရာရှိ ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မန္တလေးမြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ရပ် မန္တလေး-ပြင်ဦးလွင် ရထားလမ်းအနီး မြဝတီလမ်းဘေး ရေနုတ်မြောင်းမကြီး အတွင်းမှ ရေဆိုးများကို ရန်ကုန်-မန္တလေး လမ်းမကြီးဘေး ရေနုတ်မြောင်းအတွင်းသို့ စီးဆင်းစေရေးအတွက် ဆောင်ရွက်နေမှုများနှင့် မြောင်းဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့မှတစ်ဆင့် မန္တလေးမြို့တော်ဝန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက် မီးခြစ်စက်ရုံအနီးရှိ စက်ရေတွင်းအမှတ် ၂၅ သို့ ရောက်ရှိပြီး အချင်း ၁၀ လက်မ ရေထုတ်ပိုက်လိုင်းနှင့် အချင်း ၃၂ လက်မ ပင်မပိုက်လိုင်း ဆက်သွယ်ရန်အတွက် မြောင်းတူးခြင်း လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် မန္တလေးမြို့တော်ဝန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၂၃ လမ်းတစ်လျှောက် လမ်း ၈၀ မှ ၈၆ လမ်းအထိ ၂၄ ပေအကျယ် ကတ္တရာလမ်း အကြီးစား ပြုပြင်ခင်းကျင်းမှု၊ လုပ်ငန်းခွင်အခြေခံ ကျောက်လွှာခင်းခြင်း လုပ်ငန်းနှင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေး စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေးအတွက် ဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးစဉ်ရှင်းလင်း

ဖေဖော်ဝါရီ ၂၂ရက်က ယခင် စမတောင် ဆရာတော် ယခု သာဝတ္ထိမြို့ တောင်သုံးလုံး ဇေတဝန် ပဋိယတ္တိစာသင် တိုက်ဆရာတော် အရှင်ဝေပုလ္လ ဦးဆောင်သော ပရဒေသီ သာသနာပြု ခရီးစဉ်အတွက် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်တိုက်တွင် ခရီးစဉ် ရှင်းလင်းပွဲ ကျင်းပစဉ်။(က-ပ)

နမ္မတူမြို့ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အခြေခံသတ္တုတွင်းလုပ်ငန်းသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၂၂ ရက်က နမ္မတူမြို့ရှိအမှတ်(၁)သတ္တုတွင်းလုပ်ငန်း အခြေခံသတ္တုတွင်းလုပ်ငန်း သင်တန်း အမှတ်စဉ်(၁၆) ဆင်းပွဲသို့ တက်ရောက်ပြီး ဝန်ကြီး၏ကိုယ်စား သင်တန်းဆင်း အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် ထူးချွန်သူများ၊ အကောင်းဆုံးသင်တန်းသားဆုနှင့် သင်တန်းအောင်လက်မှတ်များကို ချီးမြှင့်သည်။

ရေရှည်ဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နမ္မတူမြို့ရှိ ခဲသွပ်သန့်စင်ကျိုချက်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အထွေထွေမန်နေဂျာက ၂၀၀၅ ခုနှစ် တတိယလေးလပတ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ များနှင့် ၂၀၀၆ ခုနှစ် ပထမလေးလပတ်အတွင်း ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး နမ္မတူ/ဘော်တွင်း သတ္တုတွင်းလုပ်ငန်း၏ မြေပေါ်မြေအောက် သတ္တုတူးဖော်ရေး လုပ်ငန်းများ၊အခြားဆက်လက်ဆောင် ရွက်ရမည့် အထောက်အကူပြုလုပ်ငန်းများအတွက် ရေတိုရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေး၍ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက ဆက်လက်ဆောင်ရွက်သင့်သည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ဒီဇိုင်းပါလုပ်ငန်းကြည့်ရှု

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သီပေါဂေါဒန်ကျောက် သတ္တုတွင်းသို့ ရောက်ရှိ၍ ဂေါဒန်ကျောက်များ လှပထားချက်ပြည့်မီ ကျော်လွန်အောင် ထုတ်လုပ်ရေး၊ ရေရှည်အကောင်အထည် ဖော်ရမည့် သတ္တုတွင်း ဒီဇိုင်းပါလုပ်ငန်းများကို ကြည့်ရှုဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ပြစ်မှုဆိုင်ရာနှင့် တရားမအထူးအယူခံမှု စီရင်ချက်ချ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့နံနက် ၁၀ နာရီက တရားရုံးချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခုနစ်မှုနှင့် တရားမ အထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူ ခံမှု(၄)မှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံဆွေးနွေးပွဲပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့နှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းတို့၏ ကမကထပြုမှုဖြင့် စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့် သုတေသနဗဟိုဌာနက ပါဝင်စီစဉ်သော သုတေသနပြုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြီးစီးခြင်း အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်ဆွေနှင့် ဦးလှမြင့်ဦး၊ စင်ကာပူသမ္မတ နိုင်ငံ သတင်းနှင့် သုတေသနဗဟိုဌာနမှ ပညာရှင်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့တို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ၂၂ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်၍ စင်ကာပူသမ္မတနိုင်ငံ သတင်းနှင့် သုတေသနဗဟိုဌာနမှ Associate Consultant Mr. Kwa Chong Guan က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီးခြင်း အမှာစကားပြောကြားကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပဲခူးမြို့ ဉာဏဗလပရိယတ္တိစာသင်တိုက်ရှိ ဗိမာန်ရှင်နာရေးကူညီမှုအသင်းသို့ ဖေဖော်ဝါရီ ၁၁ ရက်က စိန်မြားဆေးလိပ်ရုံပိုင်ရှင် ဦးသိန်း-ဒေါ်လှကြိုင်၊သားသမီး၊မြေးတစ်စုက အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးသက်နိုင်က လက်ခံယူစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကိုဖေဖော်ဝါရီ၁၉ ရက်နံနက်က ဗဟန်းမြို့နယ်ရှိစွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အသင်းအမှုဆောင် အထက (၂) ကြည့်မြင်တိုင် ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်က ဆောင်ရွက်သည်။

နှုတ်ခွန်းဆက်

ထို့နောက် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင် (မြန်မာ့အလှဆောက်လုပ်ရေး)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အသင်းနာယက အငြိမ်းစားပါဠိကထိက ဦးအောင်ထွဋ်၏ကန်တော့ချိုးဖြင့်တက်ရောက်လာသူများက အသက် ၇၅နှစ်နှင့် အထက် အသင်းသူအသင်းသား ဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။ အကန်တော့ခံ ပုဂ္ဂိုလ်များကိုယ်စား ဂုဏ်ထူးဆောင်နာယက ဗိုလ်ကြီးလှဖေ(အငြိမ်းစား)က ဩဝါဒစကား ချီးမြှင့်သည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူအသင်းဝင်များ၏သားသမီးများအား အသင်းနာယကများနှင့် အမှုဆောင်များက ဆုချီးမြှင့်ကြသည်။

(အပေါ်ဝဲပုံ) **(မြန်မာ့အလင်း)**

တာမွေမြို့နယ်အမက(၃၄)၏ ၂၀၀၅-၂၀၀၆ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ သူငယ်တန်း ဒုတိယဆုရ မောင်မြင့်မိုရ်ကောင်း အား တာဝန်ခံဆရာမ ဒေါ်အေးအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဒီဇင်ဘာအားကစားလုပ်ရှားမှု အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ၃နာရီခွဲ တွင် ရန်ကုန်မြို့အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏဥ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလူထု အားကစား လှုပ်ရှားမှု ပြည်နယ်နှင့်တိုင်းအဆင့်တွင် ပထမရရှိသော မန္တလေးတိုင်း၊ ဒုတိယရရှိသော ပဲခူးတိုင်းနှင့်တတိယရရှိသော စစ်ကိုင်းတိုင်းတို့အား ဒိုင်းဆုများကို ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၅ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု မြို့နယ်အဆင့်တွင် ပထမရရှိသော မြစ်ကြီးနားမြို့နယ်၊ ဒုတိယရရှိသော ရွှေဘိုမြို့နယ်နှင့် တတိယရရှိသော မြဝတီမြို့နယ်တို့အား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဒိုင်းဆုများကို ချီးမြှင့်သည်။

ဂုဏ်ပြုငွေ

ဆက်လက်၍ ဝတ္ထုတိုပြိုင်ပွဲ၌ ဆုရရှိကြသူများအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိကြသူများအား မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိကြသူများအား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ နာယက အဖွဲ့ဝင် ပါမောက္ခဒေါက်တာဒေါ်ခင်မေအုန်းက လည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ထို့နောက် ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၁၈ရက်က ပန်ဒါဟိုတယ်၌ကျင်းပသော ထားဝယ်အသင်းက ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားတွင် အသင်းသူ ထပ်ဆင့်အကယ်ဒမီ စိုးမြတ်နန္ဒာအား အသင်းဥက္ကဋ္ဌ ဦးခင်စိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၂-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် မတ်လအတွက်
(၁၂-၃-၂၀၀၆)ရက်နေ့ နှင့်
(၂၆-၃-၂၀၀၆)ရက်နေ့

မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ရှိ ဇီဝိတ ဒါနသံဃာ့ဆေးရုံ၌ သြစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဂျက်ဖရီကွန်းနှင့်အဖွဲ့က မျက်စိဝေဒနာရှင်များအား ဖေဖော်ဝါရီ ၂၁ရက်မှ မတ်၇ရက်အထိ အခမဲ့ ဆေးဝါးကုသပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းအတွက် ပန်းဘဲတန်းမြို့နယ်နေ မိခင်ကြီး ဒေါ်နှင်းအား အမှူးထား၍ လေလှိုင်းအီလက်ထရွန်နစ် မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆင်းရွှေလီ ပဲပုပ်စေ့များ

ဈေးကွက်ဝင် ဆင်းရွှေလီ ပဲပုပ်စေ့များကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-သောင်းဝင်းမိုလ်)

✻ ကျောဖုံးမှ

စီးပွားဖြစ်ဆောင်ရွက်

ဆင်းရွှေလီ ပဲပုပ်သည် စိုက်နည်းမှန်ဖို့လည်းလိုသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများပိုင် စိုက်ခင်းများတွင်လည်း ဆင်းရွှေလီပဲပုပ်များစိုက်ပျိုး၍ စီးပွားဖြစ်ထုတ်လုပ်လျက်ရှိသည်။

ဖြစ်ထွန်းနိုင်

ဆင်းရွှေလီပဲပုပ်ကို မြေသြဇာအသင့်အတင့်ထည့်သုံး၍ စိုက်ပျိုးနိုင်ကြောင်း၊ အထွက်နှုန်း ကောင်းရန် ပင်တန်းခြောက်တန်းခြား၍ စိုက်ပျိုးနိုင်ကြောင်း၊ ဆင်းရွှေလီပဲပုပ်၏ စိုက်ပျိုးမှုသက်တမ်းမှာ ရက်ပေါင်း ၉၀ ကျော်ဖြစ်ကြောင်း၊ ဆင်းရွှေလီပဲပုပ်၏ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကတင်း ၄၀ကျော်အထိထွက်ရှိကြောင်း၊ ယခင်က သာမန်ပဲပုပ်မှာ တစ်ဧကလျှင် တင်း ၂၀အထိသာ ထွက်ရှိကြောင်း ဘက်စုံစိုက်ခင်းတာဝန်ခံ ဒုတိယမိုလ်မှူးကြီးမျိုးချစ်က ရှင်းလင်းပြောကြားခဲ့သည်။

အရေးပါ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သည် ဆင်းရွှေလီစပါးတင်း၂၅၀ ကျော် အထွက်တိုးမှုဖြင့် ကျော်ကြားခဲ့သည်။ ယခုအခါ ဆင်းရွှေလီ ပဲပုပ် အထွက်တိုးမှုဖြင့် ထပ်မံကျော်ကြားလာပြန်သည်။ ရှမ်းတိုင်းရင်းသားများ၏ ထမင်းဝိုင်းတွင် မပါမဖြစ်စားသုံးမှုများသော ပဲပုပ်သည် ဒေသအတွက် အရေးပါလျက်ရှိသည်။

လက်တွေ့ခံစား

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဆင်းရွှေလီအထွက်တိုး ပဲပုပ်ကိုစိုက်ပျိုးလိုသော အခြားသော ပြည်နယ်နှင့်တိုင်းများကိုလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ တောင်သူများက ကူညီရန်အသင့်ရှိနေကြသည်။ နည်းပညာ၊ မျိုးကောင်း၊ မျိုးသန့်နှင့် စိုက်စနစ်မှန်ကန်ခြင်း၏ ရလဒ်ကောင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ တောင်သူများ လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အသက်(၂၀)အောက် ကွင်းပိတ်(ရုံး/ထွက်)ဘောလုံးပြိုင်ပွဲ အားကစားဝန်ကြီးဌာနအသင်းကို ဘဏ္ဍာ/အခွန်လူငယ် အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အသက်(၂၀)အောက်ကွင်းပိတ် (ရုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာန လူငယ်အသင်းနှင့် ဘဏ္ဍာ/အခွန်လူငယ်အသင်းတို့ ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်လူငယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဘဏ္ဍာ/အခွန် လူငယ်အသင်း-
သုံးဂိုး။
(ပိုင်စိုး၊ မြင့်နိုင်နှင့် သိန်းစိုးမင်း-
တစ်ဂိုးစီ)
အားကစားဝန်ကြီးဌာနလူငယ်အသင်း
နှစ်ဂိုး။ (စိုးကျော်သူ)
ဒိုင်လူကြီး-ဦးလှတင်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အမှတ်ပေးပြိုင်ပွဲဒုတိယဆုရ မြို့တော်စည်ပင်အသင်းအား ဆုတံဆိပ်နှင့်ငွေသားကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ကွင်းပိတ်ပြိုင်ပွဲ ဒုတိယဆုရ အားကစားဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားကျပ်ငါးသိန်းကိုလည်းကောင်း၊အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက ကွင်းပိတ်ပြိုင်ပွဲပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအားတစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂိုးအများဆုံးသွင်းသူဆုရ ရဲရန်အောင် (တံခွန်အသင်း)အား ရွှေဖိနပ်ဆုနှင့် Dunkul Engeneeringနှင့် Fresh Air Con ကုမ္ပဏီမှ ချီးမြှင့်သည့် ကျပ်လေးသိန်းငါးသောင်းတန် Fresh တံဆိပ် Aircon ကိုလည်းကောင်း၊ အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်လူငယ်အသင်းအား ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားကျပ် ၁၅ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်လူငယ်အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

အမှတ်ပေးပြိုင်ပွဲနှင့် ကွင်းပိတ် (ရုံးထွက်) ပြိုင်ပွဲတို့၌ အနိုင်ရဗိုလ်စွဲခဲ့သော ဘဏ္ဍာ/အခွန်လူငယ် အသင်းအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းပေးအပ်ချီးမြှင့်ခဲ့သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်လူငယ် အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ကားလင်းဖလား မန်ယူဆွတ်ခူးနိုင်ခဲ့လျှင် အောင်မြင်သောအသင်းဖြစ်မည်ဟုဖာဂူဆန်ပြောကြား

အင်္ဂလန် ဖေဖော်ဝါရီ ၂၅

ကားလင်းဖလား ဗိုလ်လုပွဲတွင် ဝီဂန်အသင်းကိုနိုင်ပြီး ကားလင်းဖလားဆွတ်ခူးရယူနိုင်ခဲ့လျှင် မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အောင်မြင်မှုရသည်ဟုဆိုနိုင်ကြောင်း မန်ယူမန်နေဂျာ အလက်ဇ်ဖာဂူဆန်က ပြောကြားလိုက်သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားပြိုင်ပွဲတို့မှထွက်ခဲ့ရပြီးဖလားနှင့်လွဲခဲ့သည်မှာ သုံးနှစ်ဆက်တိုက်ရှိသွားခဲ့ပြီ ဖြစ်သည်။

ဖလားတစ်လုံး ဆွတ်ခူးနိုင်ခြင်းသည်ပင် မန်ချက်စတာယူ နိုက်တက်အသင်းအတွက် အောင်မြင်မှုရှိသေးသည့်အသင်းဟု ဆိုနိုင်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

"ဘာပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး၊ မန်ချက်စတာ ယူနိုက်တက်အသင်းဟာ အောင်မြင်သော ရာသီတစ်ခုဖြစ်ဆိုနိုင်သေးကြောင်း၊ အသင်းသားများအနေဖြင့်လည်း ယခုနှစ်တွင် ဖလားတစ်လုံးလောက်တော့ ရအောင်ယူနိုင်ကြလိမ့်မည်ဖြစ်ကြောင်း၊ အသင်းကြီးအဖြစ် ဆက်လက်ရှိနေမြဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နှစ်စဉ်နှစ်တိုင်း ဖလားလေးလုံးသာရှိရာတွင် ပရီမီယာလိဂ်ဖလားပြိုင်ပွဲသည် ယှဉ်ပြိုင်မှုများ ခက်ခဲလာကြောင်း၊ အသင်းတိုင်းက ယင်းဖလားကို ရရှိရန် ငွေကြေးပုံအော၍ သုံးစွဲလာကြကြောင်း ဖာဂူဆန်က ထပ်လောင်း ပြောကြားသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ၁၉၉၉ခုနှစ်က ဥရောပချန်ပီယံဖလားရရှိခဲ့စဉ်က ကားလင်းဖလားကိုပါ မျှော်မှန်းနိုင်ခဲ့သည့် အင်အားကြီး အသင်းဖြစ်ခဲ့သည်။

မန်ယူနှင့်ဝီဂန် အသင်းတို့သည် ဖေဖော်ဝါရီ ၂၆ရက် **(ယနေ့)** ညပိုင်းတွင် ကားလင်းဖလား ဗိုလ်လုပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

ကားလင်းဖလားနှင့် မန်ယူမန်နေဂျာ ဖာဂူဆန်။

တောင်ကိုရီးယားမှ အမျိုးသမီးဂေါက်သီးရိုက်ချန်ပီယံ အယ်လ်ပီဂျီအေပွဲဦးထွက်ဖလားဆွတ်ခူး

ဆိုးလ် ဖေဖော်ဝါရီ ၂၅

အက်စ်ဘီအက်စ်အိုးပင်း အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားမှ ဂျူမီကင်မ်သည် တစ်နိုင်ငံတည်းသူ ဆွန်ယန်မွန်းနှင့်ကျင်းပိုကစားပြီး ပွဲဦးထွက်အယ်လ်ပီဂျီအေဖလားကို ဆွတ်ခူးသွားခဲ့သည်။ (အောက်ပုံ)

ဂျူမီကင်မ်နှင့် ဆွန်ယန်မွန်းတို့သည် နောက်ဆုံးနေ့က သတ်မှတ်ရိုက်ချက်ထက် ၁၀ချက်စီ လျှော့ရိုက်ပြီး ပြိုင်ဘက်များကို အနိုင်ရခဲ့ကြသည်။ ယင်းတို့နှစ်ဦးသည် အမှတ်ချင်းတူနေကြ၍ ကျင်းပို(˚Play-Off˚) ပြန်ကစားခဲ့ကြရသည်။

ကင်မ်သည် ကျင်းအမှတ် ၁၈တွင် တတိယမြောက် ရိုက်ချက်၌ သုံးပေအကွာမှဂေါက်သီးကို ကျင်းဝင်အောင်ရိုက်နိုင်ခဲ့၍ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဆွတ်ခူး

ဘယ်သန်ကင်မ်သည် ယမန်နှစ်က ကောနင်းကလစ်ဆစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးဖြင့် စတုတ္ထနေရာသာရခဲ့သည်။ ၎င်းသည် ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားခဲ့၍ ဆုကြေးငွေ အမေရိကန် ဒေါ်လာ ၁၅၀၀၀၀ဆွတ်ခူးရရှိသွားသည်။

လျှော့ရိုက်

အသက် ၂၁နှစ်အရွယ်ရှိ ကင်မ်သည် တတိယနေ့ပြိုင်ပွဲတွင် ၆၇ချက်ရိုက်ကာ ငါးချက်လျှော့ရိုက်ခဲ့သည်။ စုစုပေါင်း ရိုက်ချက် ၂၀၆ချက်တွင် ၁၀ချက် လျှော့ရိုက်ပြီး ၅၄ ကျင်းကစားခဲ့သည်။

ကင်မ်နှင့်အတူ ဆွန်ယန်မွန်းနှင့် မက္ကဆီကိုမှ လော်ရင်နာအိုချောတို့ သုံးရက်ကစားပြီး ၂၀၆ချက်စီ ရိုက်ထားသဖြင့် ပထမကျင်းပိုနှင့် ဒုတိယကျင်းပို ကစားခဲ့ကြရသည်။ မက္ကဆီကိုမှ လောရင်နာအိုချောသည် ပထမကျင်းပိုကစားစဉ် ဘာဒီနှင့်လွဲပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ကင်မ်နှင့်မွန်းတို့ ဒုတိယမြောက် ကျင်းပိုကစားခဲ့ကြရာ ကင်မ်က အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဗြိတိန်မှ ကားရင့်စတုပလီသည် နောက်ဆုံးနေ့ ပြိုင်ပွဲက ၆၇ချက် ရိုက်ခဲ့သည်။**(အင်တာနက်)**

မာတီနာ ဟင်းဂစ်နှင့် လင်ဆေး ဒေဗင်ပို့တ်အား အနိုင်ရပြီး အောင်ပွဲ ခံနေသော ရုရှား တင်းနစ်မယ် ရှာရာပိုဗာ။

ရှာရာပိုဗာနှင့်ဂျူစတင်ဟာနင် ဒူဘိုင်းအိုးပင်းဖလားလုကြမည်

ဒူဘိုင်း ဖေဖော်ဝါရီ ၂၅

ဒူဘိုင်းအိုးပင်းအမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရုရှားမှ မာရီယာရှာရာပိုဗာသည် ဂျူစတင်ဟာနင်နှင့် ယှဉ်ပြိုင်ဗိုလ်လုမည်ဖြစ်သည်။

ရှာရာပိုဗာသည် ကွာတားဖိုင်နယ်နှင့် အကြိုဗိုလ်လုပွဲများတွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့သည်။ သောကြာနေ့က လင်ဆေးဒေဗင်ပို့တ်နှင့် ယှဉ်ပြိုင်ကစားခဲ့သော ကွာတားဖိုင်နယ်တွင် ၆–၃၊ ၆–၁၊ ၆–၃ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲစဉ်၌ ကွက်ညက်ဆိုဖာအား ၆–၂၊ ၇–၅ဖြင့် နိုင်ခဲ့သည်။

ကွက်ညက်ဆိုဖာသည် ကွာတားဖိုင်နယ်တွင် ယခုနှစ်အတွင်း ဖလားသုံးလုံးဆွတ်ခူးထားသော မော်ရက်စမိုအား နိုင်ခဲ့သည်။ ထိုအတောအတွင်း ဂျူစတင်ဟာနင်က ဖရန်ဆက်ကာရှိယာဘွန်းကို နိုင်ခဲ့သည်။

ရှာရာပိုဗာသည် လွန်ခဲ့သော ခြောက်လက ကျောဒဏ်ရာကြောင့် တင်းနစ်လောကတွင် မှေးမှိန်ခဲ့ရသည်။ သူမသည် ယမန်နှစ်က ဝင်ဘယ်ဒန်ဖလားရပြီးနောက် ယခု ဒူဘိုင်းဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တင်းနစ်အကျော်အမော်များဖြစ်သည့် မော်ရက်စမို၊ ဒေဗင်ပို့တ်၊ ဗီးနပ်စ်ဝီလျံနှင့် မာတီနာဟင်းဂတ်တို့သည် ပြိုင်ဘက်များကို ရှုံးနိမ့်လျက် ပွဲမှထွက်သွားရပြီ ဖြစ်သည်။ ဘယ်လ်ဂျီယံသူ ကလိုက်စတားစ်သည်လည်း လွန်ခဲ့သောနှစ်ပတ်က ဒိုင်းမွန်းဂိမ်းပြိုင်ပွဲတွင် ဗိုလ်လုပွဲ၌ မော်ရက်စမိုကို ရှုံးနိမ့်ပြီး ဩစတြေးလျအိုးပင်းပြိုင်ပွဲ၌ရခဲ့သည့်ဒဏ်ရာ ပြန်ပေါ်လာ၍ ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

အိန္ဒိယမှ တင်းနစ်မယ် မီယာဇာသည်လည်း ကွာတားဖိုင်နယ်မရောက်မီမှာပင် မာတီနာဟင်းဂစ်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်သွားခဲ့ရသည်။ အဆိုပါအိန္ဒိယနိုင်ငံသူသည် လွန်ခဲ့သော နှစ်နှစ်က ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ပါဝင်ကစားနိုင်လာပြီး ကမ္ဘာ့ထိပ်တန်းစာရင်းဝင် တင်းနစ်မယ်တစ်ဦး ဖြစ်လာခဲ့သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ မြင့်စိုး

မက်ဆီ၏အောင်မြင်မှု မာရာဒိုနာချီးကျူးပြောဆို

ဘာစီလိုနာ ဖေဖော်ဝါရီ ၂၅

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ရာ၌ အနိုင်ဂိုးသွင်းပေးသည့် ဘာစီလိုနာအသင်းမှ အသက် ၁၈နှစ်သာရှိသေးသော လီယိုနယ်မက်ဆီအား ဂန္ထဝင်ဘောလုံးသမားကြီး မာရာဒိုနာက ချီးကျူးစကားပြောဆိုလိုက်သည်။ အာဂျင်တီးနားဘောလုံးအသင်းတွင် မိမိ၏အမွေကိုခံယူမည့်သူသည် မက်ဆီကိုသာမြင်ကြောင်း မာရာဒိုနာက ချီးကျူးစကား ပြောကြားလိုက်သည်။

မက်ဆီ၏ ကစားပုံများသည် လှပသောကစားကွက်များဖြင့် ကစားနိုင်ပြီး ဘောလုံးပရိသတ်များအား ဆွဲဆောင်မှုအပေးနိုင်ဆုံး ဘောလုံးသမားဟု ထင်မြင်ကြောင်း ၎င်းကပြောကြားသည်။ သူသည် အသင်းကို ဦးဆောင်ကစားနိုင်သူဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အကြိုက်ဆုံးဘောလုံးသမားဖြစ်ကြောင်း မာရာဒိုနာက ထပ်လောင်းပြောကြားသည်။

မက်ဆီသည် ရော်နယ်ဒင်ဟိုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတစ်ဦးဖြစ်ကြောင်း အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားဗိုလ်စွဲခဲ့စဉ်က အသင်းခေါင်းဆောင်ဖြစ်ခဲ့သူ မာရာဒိုနာက ပြောကြားသည်။

၎င်းသည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအားပို၍ ကောင်းအောင်လုပ်ပေးနိုင်ခဲ့ကြောင်း နည်းပြဂျိုဟန်ခရပ်ဖ်က ပြောကြားသည်။ ယင်းသည် ပြီးခဲ့သည့်နှစ် ဇွန်လက အသက်၂၀အောက် အာဂျင်တီးနားအသင်း ဗိုလ်စွဲရာတွင် အဓိကစွမ်းဆောင်ကြိုးပမ်းခဲ့သူဖြစ်သည်။ ၎င်းသည် ဟော်လန်၌ ကျင်းပသော အဆိုပါအသက်၂၀အောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်အကောင်းဆုံး ဘောလုံးသမားဆုကိုရရှိခဲ့ပြီး ဂိုးအများဆုံးသွင်းသူလည်းဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်ပွဲ၌ ဘာစီလိုနာအသင်းအတွက်အနိုင်ဂိုးသွင်းခဲ့သူ မက်ဆီ။

ဓနသဟာယဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲ ဝီလျံနှင့်စကာပ်တန်ထိုးသတ်ကြမည်

လန်ဒန် ဖေဖော်ဝါရီ ၂၅

ဓနသဟာယ ဟဲဗီးဝိတ်ချန်ပီယံဒန်နီဝီလျံသည် ဗြိတိသျှဟဲဗီးဝိတ်ချန်ပီယံမက်စကယ်တန်နှင့် လန်ဒန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဒန်နီဝီလျံက မက်စကယ်တန်ထက် ၁၁ပေါင်အလေးချိန်ပိုသည်။ ၎င်းသည် ဓနသဟာယဟဲဗီးဝိတ်ချန်ပီယံဖြစ်သည်။ စကယ်တန်မှ ဗြိတိသျှဟဲဗီးဝိတ်ချန်ပီယံဖြစ်သည်။ အသက်(၃၂)နှစ် ရှိပြီးဖြစ်သော ဝီလျံသည် လွန်ခဲ့သည့်ဒီဇင်ဘာလက အော်လီဟာရစ်ဘွန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့စဉ်ကထက် ငါးပေါင်လျှော့ကျသွားခဲ့သည်။ ယင်းတို့နှစ်ဦးသည် အဆိုပါ ဓနသဟာယသရဖူကို ရရှိရေး အကြိတ်အနယ်ထိုးသတ်ကြမည်ဖြစ်သည်။

ဗြိတိသျှဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲတွင် ပြန်လည်အသက်သွင်းရန် ဖိအားပေးနေသည်ဟု မခံစားရကြောင်း အသက်(၃၇)နှစ်အရွယ်ရှိ စကယ်တန်က ပြောကြားသည်။ လက်ဝှေ့ယှဉ်ပြိုင်ရာတွင် သရဖူရရေးသည် မိမိသာအဓိကဖြစ်ပြီး မိမိ၏ မိသားစုသည် ဒုတိယဖြစ်ကြောင်း၊ အပြင်းအထန်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။ **(အင်တာနက်)**

ဓနသဟာယချန်ပီယံ ခါးပတ်လုမည့် ဒန်နီဝီလျံ (ဝဲ) နှင့် စကယ်တန် တို့အား မထိုးသတ်မီတွေ့ရစဉ်။ (အင်တာနက်)

ဗြိတိသျှ၊ ဓနသဟာယနှင့် ဥရောပလက်ဝှေ့ချန်ပီယံများ

အတန်း	ဗြိတိသျှ	ဓနသဟာယ	ဥရောပ
ဟဲဗီးဝိတ်	စကယ်တန်	ဝီလျံ	ဗီဒေါ်ဇ်
ခရုဆာဝိတ်တန်း	ဟော့ဘ်ဘွန်	ဟော့ဘ်ဘွန်	ဟာရီ
လိုက်ဟဲဗီး	အိုဘို့	အိုဘို့	ဗာကန့်
စူပါမစ်ဒယ်	ဖရော့ချ်	ဖရော့ချ်	ချာနက်
မစ်ဒယ်ဝိတ်	ဒန်းန်	ဒန်းန်	ဆိုင်ဗက်စတား
လိုက်မစ်ဒယ်	မိုးရီ	ဒူရန်	ဗာကန့်
ဝယ်တာ	မတ်လီ	အင်န်ဒါဆွန်	ဗာကန့်
လိုက်ဖ်ဝယ်တာ	ဗာကန့်	ဝစ်တာ	ဝစ်တာ
လိုက်ဖ်	အာရယ်	ဘင်နက်	မီလီရီ
စူပါဖယ်သာ	အာသာ	အာသာ	အာသာ
ဖယ်သာ	အင်န်ကွတ်	အင်န်ကွတ်	အင်န်ကွတ်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ဇီဝဗေဒဘာသာ သိမှတ်ဖွယ်ရာ

တက္ကသိုလ်ဝင်တန်း Biology ဘာသာရပ်သိကောင်းစရာ Grade-11 Biology ကို သင်ယူနေတဲ့ ကျောင်းသူကျောင်းသားများဟာ အခုအချိန်မှာဆိုရင် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုရန်အတွက် မိမိဘာသာ Biology ဘာသာရပ်ကို ကျက်မှတ်လေ့လာနေကြပြီ ဖြစ်ကြပါလိမ့်မယ်။

ဒါကြောင့် Biology ဘာသာရပ်ကို ကျက်မှတ်တဲ့အခါ အထောက်အကူရရှိစေဖို့ ဒီကနေ့ပို့ချမယ့် Biology သင်ခန်းစာကို ကျောင်းသူကျောင်းသားများအတွက် သတိထားသင့်တဲ့ အချက်အလက်များကို အဓိကထား ဖော်ပြသွားပါမယ်။

Grade-11 Biology ဘာသာရပ်ရဲ့ ဖတ်စာအုပ်မှာ Chapter-12 ခုပါတယ်ဆိုတာ ကျောင်းသူကျောင်းသားများ သိပြီးဖြစ်ကြပါလိမ့်မယ်။ အဓိကအရေးကြီးတာကတော့ Chapter-12 ခုစလုံးမှာပါတဲ့ အကြောင်းအရာများကို ကျောင်းသူကျောင်းသားများအနေနဲ့ သိရှိနားလည်ထားဖို့ လိုအပ်တယ်။ ဒါမှသာ မိမိတို့ မျှော်မှန်းထားတဲ့ ဂုဏ်ထူးအမှတ်များကို ရရှိနိုင်ကြမှာဖြစ်တယ်။ မေးခွန်းဟောင်းများကိုလည်း လေ့လာကြည့်တဲ့အခါ မေးခွန်းငါးပုဒ်စလုံးမှာပါရှိတဲ့ Chapter-12 ခုစလုံးရဲ့ အကြောင်းအရာများကို မေးထားတာတွေ့ရှိရလိမ့်မယ်။

၂၀၀၅ ခုနှစ် မေးခွန်းဟောင်းများကို လေ့လာကြည့်မယ်ဆိုရင်–

Question	(1)	True / False (20 statements) 1x20 marks		
	(2)	Completion (20 statements) 1x20 marks		
	(3)	Two marks Short Question (a to f)	2 x 6 =	12 marks
	(4)	Four marks Questions (a to e)	4 x 4 =	16 marks
	(5)	Eight marks Long Questions (a to f)	4 x 8 =	32 marks
			Total =	100 marks

Question No(1)နဲ့ (2)ကို objectives ခေါ်မဖြေ်ဘဲ...

Question No(1)နဲ့ (2)ကို objectives ဓမ္မဓိဌာန်မေးခွန်းများလို့ ခေါ်တယ်။ Question No(1)နဲ့(2) နှစ်ခုစလုံးမှာ 20 statements များကို Chapter-12 ခုစလုံးမှ ကောက်နုတ်ထားတယ်ဆိုတာကို မေးခွန်းဟောင်းများကို လေ့လာကြတဲ့အခါ တွေ့ရှိကြပါလိမ့်မယ်။ ဒီ Chapter-12 ခုမှ statements များကို နှစ်ခု သို့မဟုတ် တစ်ခု ကောက်နုတ်ထားတာကို မေးခွန်းဟောင်းများ တကယ်လေ့လာပြီး၊ ကျောင်းသူကျောင်းသားများ တွေ့ရှိကြပြီး ဖြစ်လိမ့်မယ်။ နှစ်ခု သို့မဟုတ် တစ်ခု Chapter အလိုက် ကောက်နုတ်ထားတာဟာ Chapter တစ်ခုစီမှာပါဝင်တဲ့ အကြောင်းအရာ အတိမ်အနက်ပေါ်မှာ မူတည်ပါတယ်။ မေးခွန်းဟောင်းပေါ်မှာမူတည်ပြီး Statements များ ကောက်နုတ်ထားတာကို ကြည့်မယ်ဆိုရင်–

Chapter	I	-	2	Statements (i and ii)
	II	-	2	Statements (iii and iv)
	III	-	1	Statement (v)
	IV	-	2	Statements (VI and VII)
	V	-	2	Statements (VIII and IX)
	VI	-	2	Statements (X and XI)
	VII	-	1	Statement (XII)
	VIII	-	2	Statements (XIII and XIV)
	IX	-	2	Statements (XV and XVI)
	X	-	1	Statement (XVII)
	XI	-	2	Statements (XVIII and XIX)
	XII	-	1	Statement (XX)

အခုဖော်ပြထားတဲ့အတိုင်း Statements များကို ကြည့်မယ်ဆိုရင် Biology လေ့လာတဲ့အခါ သင်ရိုးကုန်လေ့လာထားဖို့ လိုအပ်တယ်ဆိုတာ သိရှိလာကြပါလိမ့်မယ်။ statements များကို Biology ဖတ်စာအုပ်ထဲမှ ကောက်နုတ်တဲ့အခါ ဖတ်စာအုပ်အတိုင်း အကြောင်းအရာပါ Statement ကို ကောက်နုတ်ယူနိုင်သကဲ့သို့ အဓိပ္ပာယ်တူ မိမိဘာသာတည်ဆောက်ထားတဲ့ Statement များလည်း ဖြစ်တယ်ဆိုတာ ကျောင်းသူကျောင်းသားများအနေနဲ့ မေးခွန်းဟောင်းများကို လေ့လာတဲ့အခါ တွေ့ရှိကြပါလိမ့်မယ်။ Question No(1) True / False မှာဆိုရင် ပေးထားတဲ့ Statements ဟာ True statements များပါရှိသလို False statements များလည်းပါပါတယ်။ True statements များဟာ မိမိလေ့လာထားတဲ့ အကြောင်းအရာမှ အချက်အလက်နဲ့တူတဲ့ အဓိပ္ပာယ်ရှိတယ်။ False statement မှာကျတော့ မိမိသိရှိလေ့လာထားတဲ့ အချက်အလက်များနဲ့ မတူဘူး။ ဒါကြောင့် True / False statement များကို ဖတ်တဲ့အခါ ဂရုစိုက်ဖတ်ရှုဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Statements များရဲ့ Flase statement များကို စကားလုံးတစ်ခုတည်းနဲ့ မသိမသာလှည့်ပြီး မေးထားနိုင်တယ်။ True / False statement (၂၀)လုံးကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ကြမယ်ဆိုရင် အမှတ်(၂၀)ရရှိပြီးသား ဖြစ်ကြပါလိမ့်မယ်။

ဒီလိုပဲ Question No(2) Completion Statements များကို (၂၀)statements အားလုံးမှန်ကန်စွာ ဖြေဆိုကြမယ်ဆိုရင် Question No(2) အတွက်လည်း (20)marks ရပြီးဖြစ်ပါတယ်။ Completion statement များဟာ True statements များပဲဖြစ်ရမယ်။ အဲဒီ statement များရဲ့ ဖြည့်စွက်စေချင်တဲ့နေရာမှာ Blank(ကွက်လပ်) ချန်ထားပါလိမ့်မယ်။ ကွက်လပ်မှာ ဖြည့်စွက်ရမယ့် စကားလုံးကို မှန်ကန်စွာဖြည့်စွက်ရမယ့်အပြင် စာလုံးပေါင်းလည်း မှန်ဖို့လိုအပ်တယ်။ စာလုံးပေါင်းမှားရင် အမှတ်ပြည့်မရနိုင်ဘူး။

Question No(1)နဲ့(2)ကို အခုဖော်ပြထားတဲ့အတိုင်း နားလည်သွားပြီး မှန်မှန်ကန်ကန် ဖြေဆိုသွားကြမယ်ဆိုရင် အောင်မှတ်(၄၀)ကို ရရှိပြီးဖြစ်နေလိမ့်မယ်။ အကယ်၍ သင်ရိုးကုန် မကျက်ထားဘဲ Chapter-I မှ Chapter-V ကိုသာ အကြောင်းအရာမချန်ထားဘဲ အားလုံးကျက်ထားမယ်ဆိုရင် Question No(1) True / False အတွက်(၉)မှတ်၊ Question No(2) Completions အတွက်(၉)မှတ်၊ Question (1)နှင့် Question(2) ပေါင်း ရမှတ်(၁၈)မှတ်သာ ဖြစ်ပါလိမ့်မည်။

Question 3.	a. One question from Chapter I to IV	
	b. One question from Chapter V	
	c. One question from Chapter VI	
	d. One question either from Chapter VII or VIII	
	e. One question either from Chapter IX or X	
	f. One question either from Chapter XI or XII	

Question No (˚3˚)မှာလည်း a to f ˚(၆)ခုစလုံး ဖြေဆိုဖို့လိုတယ်။ a, b, c မှာတော့ ရွေးချယ်ဖို့မရှိဘူး။ d, e, f မှာဆိုရင် (or) တွေခံထားတာကြောင့် မိမိကြိုက်နှစ်သက်တဲ့(၁)ပုဒ်စီကို ရွေးချယ်ခွင့်ပေးထားတယ်။ အားလုံးပေါင်းဖြေဆိုရမှာကတော့ (၆)ပုဒ်၊ ဒါကြောင့်မို့ Question(3) မှာဆိုရင် Answer All Questions လို့ ရေးထားတယ်။ ဒီ No (3) Question မှာ Chapter - I to V ပါ အကြောင်းအရာများကိုသာ တိကျစွာကျက်ထားတဲ့ ကျောင်းသူကျောင်းသားများဆိုရင် (၄)မှတ်ပဲရနိုင်တယ်။

Question No (4) ကျတော့ (၅)ပုဒ် ဖြေဆိုရမှာ ဖြစ်တယ်။ Question No (4) အောက်မှာ ပုဒ်ခွဲများအနေနဲ့ a to e အထိပါတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ထဲမှ (၄)ပုဒ်ကို မဖြေမနေရ ဖြေဆိုရမှာ ဖြစ်တယ်။ ဒါကြောင့် Question No (4) ကို Answer Any Four Questions လို့ ဖော်ပြထားတယ်။ Question No (4) မေးခွန်းခွဲများမှာ ဘယ်လိုမေးထားလဲဆိုတော့–

Question 4.	a. One question from Chapter I to IV
	b. One question from Chapter V
	c. One question from either Chapter VI or VII
	d. One question either from Chapter VIII or IX
	e. One question either from Chapter X or XI or XII

Question No(4) မှာကျတော့ မေးခွန်းခွဲများအနေနဲ့ a to e အထိ (၅)ပုဒ် ပေးထားပြီး အဲဒီ(၅)ပုဒ်ထဲက(၄)ပုဒ်ပဲ ဖြေဆိုဖို့လိုတယ်။ ဒါကြောင့် No(4) Question ထိပ်မှာ Answer Any Four Questions လို့ရေးထားတယ်။ မေးခွန်းခွဲများမှ မိမိကျွမ်းကျင်သိရှိဆုံး မေးခွန်း(၄)ပုဒ်ကို ဖြေဆိုကြရမယ်။ Question No(4) မှာ c, d and e မှ (or) ခံပြီးမေးထားတာကြောင့် (or) ခံတဲ့ မေးခွန်းမျိုးဆိုရင် (၁)ပုဒ်ပဲ ရွေးဖြေရမယ်။ မေးခွန်းရွေးချယ်တာကတော့ ကျောင်းသူကျောင်းသားများရဲ့ လိမ္မာပါးနပ်မှုပေါ်မှာ မူတည်တယ်။ ဒီ Question No˚(4) မှာလည်း Biology ဖတ်စာအုပ်မှ Chapter-I to V ကိုသာ ကျက်ထားကြမယ်ဆိုရင် (၈)မှတ်ပဲ ရနိုင်တယ်။

Question No˚(5) မှာကျတော့ မေးခွန်ခွဲများအနေနှင့် a to f အထိ (၆)ပုဒ်ပေးထားပြီး အဲဒီ (၆)ပုဒ်ထဲက (၄)ပုဒ်ပဲ ဖြေဆိုဖို့လိုတယ်။ ဒါကြောင့် No (5) Question ထိပ်မှာ Answer Any Four Questions ရေးထားတယ်။ မေးခွန်းများ မေးထားပုံကတော့–

Question 5.	a. One question from Chapter I to IV
	b. One question from Chapter V
	c. One question from Chapter VI
	d. One question from either VII or VIII
	e. One question from either IX or X
	f. One question from either XI or XII

Question No˚(5) ရဲ့ မေးခွန်းခွဲများကို မေးထားပုံကတော့ Question No˚(3) မှာ မေးထားပုံအတိုင်း ဖြစ်တယ်။ မိမိရွေးချယ်မယ့် (၄)ပုဒ်ဟာ မိမိလိမ္မာပါးနပ်မှုပေါ် မူတည်တယ်လို့ ထပ်မံပြောချင်ပါတယ်။ ဒီ Question No˚(5) မှာလည်း Biology ဖတ်စာအုပ်မှ Chapter - I to V ကိုသာ ကျွမ်းကျင်အောင် ကျက်ထားသူများအဖို့ကတော့ ရရှိမယ့်အမှတ်ကတော့ (၁၆)မှတ်ပဲ ဖြစ်နိုင်မယ်။

Biology ဖတ်စာအုပ်မှ Chapter - I ˚to V အထိသာ ကျက်ထားတဲ့ ကျောင်းသူကျောင်းသားများအတွက် ရရှိနိုင်မယ့် အမှတ်ကို ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင်–

Question	No. 1	9 Marks
	2	9 Marks
	3	4 Marks
	4	8 Marks
	5	16 Marks
	Total	46 marks

အခုဖော်ပြသွားတဲ့အတိုင်း ရမှတ်(၄၆)မှတ်ပဲ ဖြစ်နိုင်တယ်။ အောင်မှတ်ထက် (၆)မှတ်ပဲပိုတယ်။ ဒီလို(၄၆)မှတ် ရဖို့ဟာလည်း Chapter-I to V ပါ အကြောင်းအရာများကို တစ်ခုမကျန် ကျက်ထားမှ ရရှိနိုင်မှာဖြစ်တယ်။

အမှန်တကယ်တော့ Biology Chapter - I to V မှနောက်ပိုင်း Chapter များဟာ Chapter - I to V ကိုသာ ကျေကျေညက်ညက် ကျက်မှတ်ထားကြမယ်ဆိုရင် ကျန် Chapters များကို ဆက်စပ်ပြီး ကျက်မှတ်သွားနိုင်ကြပါလိမ့်မယ်။ ဆက်စပ်တွေးခေါ်တတ်ဖို့တော့ လိုတယ်။ ဒါကြောင့် ဆရာမအနေနဲ့ သတိပေးလိုတာကတော့ Chapter - I to V ကို အဓိပ္ပာယ်ရှိရှိ သဘောပေါက်နားလည်အောင် ကျက်မှတ်ပြီး ကျန် Chapters များကိုလည်း ဆက်စပ်တွေးခေါ်ကျက်မှတ်ကြပါ။ ဒီလိုကျက်မှတ်မယ်ဆိုရင် အခုဖော်ပြသွားတဲ့ မေးခွန်းပုံစံကို ကျောင်းသူကျောင်းသားများအနေနဲ့ ခက်ခဲမှုမရှိဘဲ လွယ်ကူစွာ ကျက်မှတ်သွားနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီလိုဆိုရင် ကျောင်းသူကျောင်းသားတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာသိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲရပ်နားလိုက်ပါတယ်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ဝင်ဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ဖျာပုံအလက(၁) ကျောင်းသားဟောင်းများ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ဖျာပုံ ဖေဖော်ဝါရီ ၂၄

ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း (ယခင်ရပ်တိတ်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကိုမတ်၂၇ရက်(တပ်မတော်နေ့)တွင် အလက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေများကို အလက (၁) ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး (ပြည်ထောင်စုမှန်ဆိုင်) ဖုန်း- ၀၄၅-၄၀၁၀၂၊ ဦးရဲမျိုးထွဋ် (ဘရားသားကဖီး) ဖုန်း-၀၄၅-၄၀၁၉၃၊ ဒေါ်စန်းစန်းယု (စံမတူရွှေဆိုင်) ဖုန်း-၀၄၅-၄၀၁၆၈၊ ဦးဝင်းထွဋ် ဖုန်း-၀၁-၅၃၇၀၇၄၊ ဦးစိုးနိုင်-ဒေါ်ထားထားမျိုး ဖုန်း-၀၁-၂၇၃၀၃၆၊ ကိုနိုင်နိုင်ဝင်း ဖုန်း- ၀၉၉-၅၅၃၂၇နှင့် ကိုအောင်သူဟိန်း ဖုန်း-၀၁-၂၂၁၆၃၈ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၉)**

မိုးနဲမြို့ သရဖီလမ်း ကျောက်ချောလမ်းသစ်ဖွင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းပညာပြသ

မိုးနဲ ဖေဖော်ဝါရီ ၁၈

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော လှိုင်မြေရပ်ကွက် သရဖီလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါလမ်းသစ်မုခ်ဦးတွင် ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အဖွင့်အမှာစကားပြောကြားပြီး မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်း ထွန်းဇော်က အဆိုပါလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ နယ်မြေခံတပ်ရင်းမှူးနှင့် အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်တို့က သရဖီလမ်းကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ခရိုင် ဥက္ကဋ္ဌနှင့်အဖွဲ့သည် လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အင်းလေး

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့တို့သည် အဆိုပါလမ်းသစ်ဖွင့် ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းစနစ် နည်းပညာခင်းကျင်းပြသထားမှု၊ မိုးနဲမြို့နယ်၏ ခြံစည်းရိုးကြက်ဆူမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မောင်းနှင်သရုပ်ပြပွဲနှင့် ခြံစည်းရိုးကြက်ဆူ စပေါင်းစိုက်ပျိုးပွဲတော် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်တရား၌ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုး

နောင်တရား ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးတိုးမင်းက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနည်းစနစ်များ၊ အကျိုး သက်ရောက်မှုများကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးမှု သရုပ်ပြခြင်း၊ ကြက်ဆူစေ့များကြိတ်ခွဲမှု လက်တွေ့ပြသခြင်းများကို ဆောင်ရွက်သည်။

တာဝန်ပေးအပ်

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရန် ရပ်ကွက်အလိုက်၊ ကျေးရွာအုပ်စုအလိုက်၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအလိုက် တာဝန်ပေးအပ်သည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားအပြီးတွင် ခြံစည်းရိုးကြက်ဆူပင်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မြေကွက်တွင် အပင်ပေါင်း ၁၂၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၇-၂-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁း၄၀ သိပ္ပံအကြောင်းသိကောင်းစရာ သိပ္ပံနှင့်နည်းပညာတိုးတက်မှုတချို့-သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် [ဘီအီးဒီ(ပထမနှစ်)ပညာရေးစိတ်ပညာ]

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (သင်္ချာ)

၁၆း၃၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ဂန္ထဝင်တေးသံရှင်-ဦးအံ့ကြီး)

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)

၁၇း၄၀ ကဏ္ဍစုံစွာဆွေးနွေးစရာ (စာရေးဆရာကြီး ပါရဂူနှင့်ဆွေးနွေးခန်း)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နတ်ဆိတ်-စေတီရင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

စဥ့်ကူးမြို့၌ ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းများပေးအပ်

စဥ့်ကူး ဖေဖော်ဝါရီ ၁၀

စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စဥ့်ကူးအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုက ခက်သင်ကျေးရွာနှင့် မြေပဒေသာ စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းဝင်များသို့ ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းများ ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ခက်သင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

လက်ခံရယူ

ရေးဦးစွာမြို့နယ်ဥက္ကဋ္ဌဦးကျော်စွာနှင့် ဦးစီးအရာရှိ ဦးနိုင်အောင်တို့က အမှာစကားပြောကြားကြပြီး ခက်သင်ကျေးရွာ မြေပဒေသာသမဝါယမ အသင်းသားများသို့ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အောက်ပုံ)**

အဆိုပါ ကြက်ဆူမျိုးကိုင်း ၁၁၀၀၀၀ ကို မြေပဒေသာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်နှင့် လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမလီမိတက်တို့၏ အသင်းပိုင် မြေဧက ၁၀၀ တွင် စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေဝ-မကျီးကွင်းလမ်းဖွင့်

လက်ပံတန်း ဖေဖော်ဝါရီ ၁၆

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အရှည်ပေ ၅၀၀၀၊ အကျယ် ၁၀ ပေရှိ ရေဝ-မကျီးကွင်းလမ်း ကျေးလက် ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ကျေးရွာဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၈-၂-၂၀၀၆ (အင်္ဂါနေ့)

❑ Talking About Past Habits
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

❑ Talking About Future Plans and Intentions
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

❑ Talking About Leisure Activities
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

❑ Making Deduction Present and Past
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

❑ Teaching Grammar
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

၁-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

❑ အမျိုးနှင့်အမျိုးစောင့်တရား
- ပထမနှစ်အထူးပြုအားလုံး နေ့ကျောင်းသား၊ ကျောင်းသူများ

❑ ပုဂံခေတ်လူ့အဖွဲ့အစည်း
- တတိယနှစ်မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၃-၃-၂၀၀၆ (သောကြာနေ့)

❑ Translation Studies
- မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု

❑ Psycholinguistics
- ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု

နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ

၄-၃-၂၀၀၆ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၅-၃-၂၀၀၆ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

သန်လျင်နှင့် ကျောက်တန်းမြို့နယ် စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကျောက်တန်းမြို့နယ် ဘိုးဘွားရိပ်သာကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များသို့သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့နယ်ပြည်သူ့

စာမျက်နှာ ၉ ကော်လံ ၅ ●

ဆင်းရွှေလီပဲပုပ် အောင်မြင်ဖြစ်ထွန်း ဒေသခံတောင်သူများတိုးချဲ့စိုက်ပျိုးလျက်ရှိ

ဆင်းရွှေလီ ပဲပုပ်စိုက်ခင်း

ရှုမျှော်၍ မဆုံးအောင် ဖြစ်ထွန်းအောင်မြင်နေသည့် ဆင်းရွှေလီ ပဲပုပ်စိုက်ခင်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သောင်းဝင်းဗိုလ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဲပုပ်သည် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအစားအစာဖြစ်သည်။ နှစ်ခြိုက်စွာ စားသုံးကြ၏၊ ရှမ်းနှင့် ပဲပုပ်သည် ခွဲခြား၍မရ၊ ရှမ်းတိုင်းရင်းသားတို့၏ အဓိက အစားအစာတစ်မျိုးဖြစ်သည်။

အထွက်တိုးသီးနှံ

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ယခင်က ပဲပုပ်ကို သာမန်အဖြစ်နှင့်သာ စိုက်ပျိုးခဲ့ကြ၏။ ထွက်သမျှနှင့် ရောင့်ရဲကျေနပ်နေကြ၏။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဆင်းရွှေလီ ပဲပုပ်မျိုးကို အထူးသုတေသနပြု၍ အထွက်တိုးစေရန် ကြိုးပမ်းခဲ့ရာ ၂၀၀၅ခုနှစ်မှစ၍ ဆင်းရွှေလီပဲပုပ်သည် အထွက်တိုးသီးနှံတစ်ခုအဖြစ် အောင်မြင်ဖြစ်ထွန်းလာခဲ့သည်။

ဝင်ငွေကောင်း

အောင်မြင်ဖြစ်ထွန်းသော ဆင်းရွှေလီပဲပုပ်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဧကရစ်သောင်း စိုက်ပျိုး၍ အမှန်တကယ် စိုက်ပျိုးလိုသူများကို ဆင်းရွှေလီပဲပုပ်မျိုး အခမဲ့ပေးကာ ပြည်နယ်အတွင်း စိုက်ပျိုးနိုင်ရန် အားပေးခဲ့သည်။ ဆင်းရွှေလီအထွက်တိုးပဲပုပ် အောင်မြင်ဖြစ်ထွန်းမှုကြောင့် ဒေသခံတောင်သူများ ဝင်ငွေကောင်းနေကြသည်။ တစ်မူးရလို့ တစ်ပဲလှူသော ရှမ်းတိုင်းရင်းသားများ၏ ကျေးရွာများတွင် ရှမ်းအိုးစည်သံ တညံညံဖြင့် အလှူပွဲများခြိမ့်ခြိမ့်သဲ ကျင်းပနေသည့် မြင်ကွင်းများက ဝမ်းသာကြည်နူးဖွယ်ကောင်းလှသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ *